# ဝဋ္ဋမြစ်

([illegible])

## အနုသယကိလေသာ



[illegible]င် (မန္တလေး)

(၁)

“ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ”

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ဤစမ္မစာစုဖြင့်
ရှိသေစွာ ကန်တော့ပါ၏။

# ဝင်္ကမြစ်
## သို့မဟုတ်
## အနုသယကိလေသာ

ဒေါက်တာစိုးလွင် (မန္တလေး)

## မာတိကာ


| | |
|---|---|
| ခေမကသုတ် | - ၃ |
| ဗုဒ္ဓခေတ်၏အမြင်သစ် | - ၆ |
| ကာယကံရှင်သဘော (အနုသယ) | - ၉ |
| အာရမ္မဏာနုသယနှင့်သန္တာနာနုသယ | -၁၂ |
| အကုသိုလ် (၃)ဆင့် | -၁၄ |
| ဝိပလ္လာသတရား (၃)ပါး | -၂၀ |
| လောဘ-ဒိဋ္ဌိ-မောဟ-မာန | -၂၅ |
| သက္ကာယဒိဋ္ဌိ | -၂၈ |
| ပရမအတ္တနှင့်ဇီဝအတ္တ | -၂၉ |
| ဘူမိလဒ္ဓုပ္ပန္န | -၃၁ |
| နာမရူပပရိစ္ဆေဒဉာဏ် | -၃၄ |
| လက္ခဏာနှင့်ပရမတ် | -၃၆ |
| ပဋိစ္စသမုပ္ပါဒ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ် | -၄၃ |
| မဇ္ဈိမပဋိပဒါနှင့်ဝိဘဇ္ဇဝါဒ | -၄၇ |
| အနတ္တ၏အနက်သုံးချက် | -၅၄ |
| ပရိညာ (၃)ပါး | -၅၇ |
| ရာဟုလသုတ် | -၆၂ |

(၃)

## ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ခန္ဓသံယုတ်-ထေရဝဂ်

## ခေမကသုတ်

အခါတစ်ပါး၌ ရဟန်းများစွာတို့သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်ခေမကသည် ဗဒရိကာရုံကျောင်း၌ အနာရောဂါ နှိပ်စက်ရကား ပြင်းထန်စွာ မကျန်းမမာဖြစ်နေ၏။

ထိုအခါ ရဟန်းတို့သည် အသျှင်ဒါသကကို မိန့်ဆိုကြကုန်၏။ ငါ့သျှင် ဒါသက ခေမကရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဤသို့ ပြောပါလော့။

'ငါ့အသျှင် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဥပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာဟူသော ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏။ အသျှင်ခေမကသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစ်စုံတစ်ခုကို ငါဟူ၍၄င်း၊ ငါ၏ဥစ္စာဟူ၍၄င်း ရှုသလောဟု ပြောပါလော့'ဟု မိန့်ဆိုကြကုန်၏။

ငါ့သျှင် 'ငါသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစ်စုံတစ်ခုကို ငါဟူ၍၄င်း၊ ငါ၏ဥစ္စာဟူ၍၄င်း မရှုပါ'ဟု ဆို၏။ ထိုအခါ အသျှင်ခေမကသည် ဤဥပါဒါနက္ခန္ဓာငါးပါးတို့၌ တစ်စုံတစ်ခုကို ငါဟူ၍၄င်း၊ ငါ၏ဥစ္စာဟူ၍၄င်း မရှုခဲ့မူ အသျှင် ခေမကသည် အာသဝေါကုန်ပြီးသော ရဟန္တာလော' ဟု ဤသို့ မေးကြပါသည်'ဟု ဤသို့ ပြောလော့ဟု ဆိုကြကုန်၏။

ငါ့သျှင် ငါသည် ဤဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ တစ်စုံတစ်ခုကို ငါဟူ၍၄င်း၊ ငါ၏ဥစ္စာဟူ၍၄င်း မရှုပါ။ အာသဝေါကုန်ပြီးသော ရဟန္တာလည်း မဟုတ်ပါ။ ငါ့သျှင် ထိုသို့မဟုတ်သော်လည်း ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ 'ငါဖြစ်'ဟု **(ခေါ်ဝေါ်မှုကို)** ရအပ်ပါ၏။ ဤအရာသည် 'ငါဖြစ်၏'ဟူ၍ ကား မရှုပါဟုဆို၏။

ငါသျှင် ဒါသက သင်လာဦးလော့၊ ခေမကရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် 'ငါ့သျှင် ခေမကသင့်ကို မထေရ်တို့က 'ငါဖြစ်၏'ဟူသော စကားကိုဆို၏။ အဘယ်ကို 'ငါ' ဖြစ်၏ဟု ဆိုပါသနည်းဟု မေးကြပါသည်ဟု ပြောချေလော့'ဟု ဆိုကြကုန်၏။

ငါ့သျှင်တို့ ငါသည် ရုပ်ကို 'ငါဖြစ်၏'ဟု မဆို၊ ရုပ်မှတစ်ပါး 'ငါဖြစ်၏' ဟု မဆို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို 'ငါဖြစ်၏"ဟု မဆို၊ ဝိညာဏ်မှတစ်ပါး 'ငါဖြစ်၏'ဟုမဆို။ ငါ့သျှင်တို့ သို့သော် ငါ့အား ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၌ 'ငါဖြစ်၏'ဟု (ခေါ်ဝေါ်မှုကို)ရအပ်၏၊ ဤအရာသည် 'ငါဖြစ်၏'ဟူ၍ကား မရှုပါ။

ငါ့သျှင်တို့ ဥပမာကား ကြာညိုနံ့ သို့မဟုတ် ပဒုမ္မာကြာနံ့ သို့မဟုတ် ပုဏ္ဍရိတ်ကြာနံ့ ရှိရာ၏၊ တစ်ဦးတစ်ယောက်သည် "ပွင့်ချပ်၏အနံ့"ဟူ၍ သော်၎င်း၊ "အဆင်း၏အနံ့"ဟူ၍သော်၎င်း၊ "ဝတ်ဆံ၏ အနံ့"ဟူ၍သော် ၎င်း ဤသို့ဆိုလျှင် ထိုသူသည် ကောင်းစွာဆိုသည် မမည်နိုင်ပါ။ ငါ့သျှင်တို့ 'အပွင့်၏အနံ့'ဟူ၍ဖြေသော် ကောင်းစွာ ဖြေသည် မည်ရာ၏။

ငါ့သျှင်တို့ ဤအတူပင် **ရုပ်ကို 'ငါဖြစ်၏'ဟု မဆို၊** ရုပ်မှတစ်ပါး 'ငါဖြစ်၏'ဟု မဆို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ **ဝိညာဏ်ကို 'ငါဖြစ်၏' ဟု မဆို၊ ဝိညာဏ်မှ တစ်ပါး'ငါဖြစ်၏'ဟုမဆို၊** ငါ့သျှင်တို့ သို့သော်လည်း ငါ့အား **ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ 'ငါဖြစ်၏'ဟု (ခေါ်ဝေါ်မှုကို)** ရအပ်၏၊ ဤအရာသည် 'ငါဖြစ်၏' ဟူ၍ကား မရှုပါ။

ငါ့သျှင်တို့ အရိယာတပည့်အား အောက်ပိုင်းသံယောဇဉ်ငါးမျိုးတို့ကို ပယ်ထားပြီး ဖြစ်ကြစေကာမူ ထိုအရိယာတပည့်အား ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၌ **'အသိမ်မွေ့ဆုံး'** ဖြစ်သော **'ငါဖြစ်၏'ဟူသောအထင်၊ 'ငါဖြစ်၏'ဟူသော'အနုသယ'**တို့ကို မပယ်ရသေး။ ထိုသူသည် နောင်အခါ

ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ အဖြစ်အပျက်ကို ရှုလျက်နေသူအား ဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ မပယ်ရသေးသော အသိမ်မွေ့ဆုံးဖြစ်သော **'ငါဖြစ်၏' ဟူသော 'အထင်-အနုသယ'**သည်လည်း ကွာခြင်းသို့ရောက်၏ဟု ပြောဆို၏။

ငါ့သျှင်တို့ ဥပမာသော်ကား ညစ်၍ကြေးကပ်နေသော အဝတ်ကို ဆပ်ပြာနှင့်ဖြစ်စေ၊ ပြာနှင့်ဖြစ်စေ၊ နွားချေးနှင့်ဖြစ်စေပွတ်တိုက်၍ ရေကြည်နှင့်လျှော်ဖွပ်၏။ ထိုအဝတ်သည် စင်ကြယ်ဖြူဖွေးစေကာမူ ဆပ်ပြာနံ့၊ ပြာနံ့၊ နွားချေးနံ့တို့ကား မကုန်သေး၊ ထိုအဝတ်ကို အနံ့ထုံထားသောပခြုပ်၌ ထည့်ကြကုန်၏။

ငါ့သျှင်တို့ ဤဥပမာအတူ အရိယာတပည့်အား အောက်ပိုင်းသံယောဇဉ်ငါးမျိုးတို့ကိုပယ်ထားပြီး ဖြစ်ကြစေကာမူ **'ငါဖြစ်၏'ဟူသော 'အနုသယ'**ကို မပယ်အပ်သေး။ ထိုသူသည် နောင်အခါ ဥပါဒါနက္ခန္ဓာငါမျိုးတို့၌ အဖြစ်အပျက်ကို ရှုလျက်နေသူအား ထိုဥပါဒါနက္ခန္ဓာငါးမျိုးတို့၌ မပယ်ရသေးသော အသိမ်မွေ့ဆုံးဖြစ်သော **'ငါဖြစ်၏'ဟူသော 'အထင်အနုသယ'**သည်လည်း ကွာခြင်းသို့ရောက်၏ဟု ပြောဆို၏

ဤသို့ဆိုသော် မထေရ်ရဟန်းတို့သည် အသျှင်ခေမကအား ဤသို့ဆိုကုန်၏-"ငါတို့သည် အသျှင်ခေမကကို ညှဉ်းဆဲလို၍မေးကြသည် မဟုတ်ပါ၊ စင်စစ်မှာ အသျှင်ခေမကသည် ထိုမြတ်စွာဘုရား၏ အဆုံးအမတော်ကို အကျယ်ပြောရန် ဟောရန် ခွဲခြမ်းရန် ပေါ်လွင်အောင်ပြုရန် စွမ်းနိုင်ပါ၏"ဟု မိန့်ဆိုကြကုန်၏။

အသျှင်ခေမကသည် ထိုတရားကိုဟောနေစဉ်ပင် ခြောက်ကျိပ်သော မထေရ်ရဟန်းတို့နှင့် အသျှင်ခေမက၏ စိတ်တို့သည် မစွဲလမ်းတော့ဘဲ အာသဝေါတို့မှ လွတ်မြောက်ကြကုန်၏။ သတ္တမသုတ်။

## ဗုဒ္ဓခေတ်၏အမြင်သစ် (ဦးရွှေအောင်)

ဗုဒ္ဓခေတ်၌ အတ္တကိုပယ်ရန် အားထုတ်ခြင်းဖြစ်သည်။ **'အတ္တ'**ကို အခြေခံခြင်းသည် သတ္တဝါတို့၏ **'ပကတိသဘော'**ဖြစ်သည်။ သံသရာမှ လွတ်မြောက်ရန် အစုန်သဘောဖြင့် အားထုတ်၍မရ။ အဆန်သဘော ဖြင့် **'အတ္တကိုပယ်ဖျက်'**ရန် အားထုတ်ရခြင်းဖြစ်သည်။

## ပုဂ္ဂိုလ်သိနှင့်ဓမ္မအသိ

ဝိပဿနာကျင့်စဉ်အရ **'အသိနှစ်မျိုး'**ရှိသည်။ ပုဂ္ဂိုလ်သတ္တဝါသိ နှင့်ဓမ္မသိဖြစ်သည်။ **(ပုဂ္ဂိုလ်သတ္တဝါသိ)**သဘောကို **'အနုသယ ကိလေ သာ'**ဟု ခေါ်သည်။ အနုသယကိလေသာ၏ အနက်အဓိပ္ပါယ်မှာ သတ္တဝါ တို့သန္တာန်၌ အစဉ်တစိုက် **'ကိန်း'**နေသည့် **'ကိလေသာ'**ဖြစ်သည်။ အရပ်သုံးဝေါဟာရဖြင့် **'ငါ၊ သင်၊ သူ'**ဟု ခေါ်သည်။ အနာဂါမ်များသည် ပင် ရူပ၊ အရူပ ကုသိုလ်တို့၌ **'ပုဂ္ဂိုလ်သတ္တဝါသဘော'**ကို မထည့်ဘဲ မနေ နိုင်သည့်အတွက် ရူပဘဝ အရူပဘဝတို့၌ ကြင်လည်နေကြရခြင်းဖြစ်သည်။

**(အနုသယ)**ကိလေသာကို **(ပယ်)**သတ်ရန် **'ဝိပဿနာ'**ကို ဟောတော်မူခြင်းဖြစ်သည်။ **'ခန္ဓာငါးပါး ရုပ်နာမ်'**တရားတို့၏ လုပ် ဆောင်မှုအပေါ်တွင် **'ငါ၊ သူ'**ဟူသော ပုဂ္ဂိုလ်သတ္တဝါသဘော မပါဝင် စေဘဲ ရှုမှတ်ရမည်။ ထိုအခါ 'ငါ၊ သူ' မဟုတ်ဘဲ **'ရုပ်တရား၊ နာမ်တရား'** တို့၏လုပ်ဆောင်မှုအဖြစ် မြင်လာမည်။ ထိုအခါ ဒုတိယအသိဖြစ် သော **'ဓမ္မအသိ'** ဖြစ်ပေါ်လာပေမည်။

## မှတစ်ပါး အခြားမရှိ

ဓမ္မအလင်းရောက်လျှင် အဝိဇ္ဇာအမှောင်ပျောက်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါဟူသည် အမှန်မရှိဘဲ ရုပ်နာမ်ဓမ္မ သင်္ခါရတရားများသာ ရှိကြောင်း၊ ယင်းရုပ်နာမ် ဓမ္မသင်္ခါရများသည်လည်း **'ဒုက္ခ'**သာဖြစ်

ကြောင်း၊ ဒုက္ခ၏အဆုံး၌ **'သန္တိသုခ'**ရှိကြောင်းကို ကိုယ်တိုင် မျက်မှောက်ပြု သိနိုင်ပါလိမ့်မည်။ ကိုယ်တိုင် မျက်မှောက်ပြုရန် ဝိပဿနာကျင့်စဉ်မှတစ်ပါး အခြားမရှိပါ။

**လောကသိ**

ဤလောက၌ သိစရာအာရုံများနှင့်ပတ်သက်၍သိသော အသိဟူသမျှသည် ပညတ်သိများသာ ဖြစ်သည်။ **'ပညတ်သိ'**ဆိုသည်မှာ သက်ရှိသက်မဲ့ အားလုံးတို့ကို **(တစ်ခုတည်း)**အနေဖြင့် သိခြင်းဖြစ်သည်။ ယင်းကို ဗုဒ္ဓစာပေများ၌ **(ဃန)**လေးမျိုးဟူ၍ ခွဲခြားဖော်ပြပါသည်။

**၁။ သန္တတိဃန (ကာလအားဖြင့်တစ်ခုတည်း)**

သန္တတိဟူသည် မပြတ်ဖြစ်နေသော **'ရှေ့နောက်အစဉ်'**ဖြစ်၏။ ဖြစ်ရပ်များသည် တစ်ခုစီ တစ်ခုစီ အပိုင်းအပိုင်းဖြစ်ပါလျှက် **'တစ်ခုတည်း'**သဖွယ် ဖြစ်ပေါ်နေ၏။ ယင်းကဲ့သို့ တစ်စုတည်း တစ်လုံးတည်း တစ်ခုတည်းသောသဘောသည် **'ဃန'** မည်၏။ သန္တတိဃနဟူသည် **'ကာလ၏သရုပ်'**ဖြစ်သည်။ **'ဖြစ်ရပ် (ကြိယာ)တို့၏ရှေ့နောက်အစဉ် အတန်းသည်ပင် သန္တတိဃနကြောင့် ကာလ'**အဖြစ် ဖော်ပြကြသည်။ ကာလ၏အစွမ်းကြောင့် ပုထုဇဉ်တို့သည် အစိတ်စိတ် အပိုင်းပိုင်းဖြစ်နေသောဖြစ်ရပ် **(ရုပ်နာမ်အစဉ်)**များကို တစ်ပေါင်းတည်းပြု၍ **'တစ်ခုတည်းပြု၍ ကာလ'**ကဲ့သို့ မြင်ကြခြင်းဖြစ်သည်။

**၂။ သမူဟဃန (ဒေသအားဖြင့်တစ်ခုတည်း)**

သမူဟဟူသည် အရာဝတ္ထုတို့၏ **'အပေါင်း'** ဖြစ်သည်။ ဤလောက၌ ရုပ်ဖြစ်စေ နာမ်ဖြစ်စေ တစ်ခုတည်းအနေဖြင့် မတည်နိုင်ပဲ အပေါင်းအစုအဖြစ်သာ တည်နိုင်၏။ ရုပ်ဖြစ်လျှင်လည်း အဝိနိဗ္ဘောဂ **(ရုပ်ရှစ်ခု)**ပါဝင်၏။ နာမ်ဖြစ်လျှင်လည်း အနည်းဆုံး သဗ္ဗစိတ္တသာဓာရဏ

**'စေတသိက် (၇)လုံး'**နှင့်တကွ **'စိတ်တစ်လုံး'**ပါဝင်ပြီး စုစုပေါင်း **(၈)လုံး** ပါဝင်၏။ သို့ပါလျှက် သမူဟဃနကြောင့် တစ်ခုတည်းကဲ့သို့ ထင်ရသည်။ သမူဟဃနသည် ဒေသ၏သရုပ်ဖြစ်သည်။ ထို့ကြောင့် အရာဝတ္ထု (ကာရက)များသည် သမူဟဃန၏ အထိမ်းအမှတ် (လက္ခဏာ)များ ဖြစ်ကြသည်။ သမူဟဃနကြောင့် **'ဒေသ'** သဘာဝအားဖြင့် တစ်ခု တည်းဟု ဖော်ပြကြခြင်းဖြစ်သည်။

### ၃။ ကိစ္စဃန (ကြိယာအားဖြင့်တစ်ခုတည်း)

ကိစ္စဃနသည် သန္တတိဃန၏ဆင့်ပွားဖြစ်သည်။ သန္တတိဃနတွင် ကာလကို အဓိကထားရည်ညွှန်းသော်လည်း ကိစ္စဃနတွင် **'ကြိယာ'**ကို အဓိကထား ရည်ညွှန်းပါသည်။ မြင်ရာတွင် **'စိတ်-စေတသိက်'**များသည် မိမိတို့၏**'သီးခြားကိစ္စများ'**ကို ပါဝင်ဆောင်ရွက်သော်လည်း **'မြင်ခြင်း'** ကိစ္စကို **'တစ်ခုတည်း'**ကဲ့သို့ သိပါသည်။ ထို့အတူ သွားရာ၌ ခြေကို မခြင်း-လှမ်းခြင်း-ချခြင်းကိစ္စများ ပါဝင်သော်လည်း **'သွားခြင်း'**ကိစ္စကို **'တစ်ခုတည်း'**ကဲ့သို့ သိကြပါသည်။ ဤသဘောကို ကိစ္စဃနဟု ခေါ်ပါ သည်။ ကိစ္စဃနကို **'ကြိယာ'**အားဖြင့် 'တစ်ခုတည်း'ဟု ဖော်ပြခြင်း ဖြစ်သည်။

### ၄။ အာရမ္မဏဃန (အာရုံအားဖြင့်တစ်ခုတည်း)

အာရမ္မဏဃနဟူသည် သမူဟဃန၏ဆင့်ပွားဖြစ်သည်။ ဥပမာ မြင်ရာ၌ မြင်စိတ် **(စက္ခုဝိညာဏ်)**ဖြင့် အဆင်း**(ရူပါရုံ)**ကိုသာမြင်၍ ဒြပ်သဏ္ဍာန် **'ပုဂ္ဂိုလ်သတ္တဝါ'**များကို မမြင်နိုင်ပါ။ လှခြင်း မလှခြင်းများ ကိုလည်း မသိနိုင်ပါ။

ပုဂ္ဂိုလ်သတ္တဝါ လှခြင်း မလှခြင်းတို့ကို မြင်ခြင်းမှာ **'ရူပါရုံ'**မဟုတ်ဘဲ **'ဓမ္မာရုံ'**များသာဖြစ်ကြသည်။ ထို့ကြောင့် မြင်ခြင်းတွင် **'ရူပါရုံနှင့်ဓမ္မာရုံ'** တို့ပါဝင်သော်လည်း လောကသိသဘောအရ **'ခွဲခြား'**မမြင်နိုင်ပဲ

**'တစ်ခုတည်း'**သော အာရုံအဖြစ် ပေါင်း၍မြင်ကြသည်။ ထိုသို့ မြင်စရာ **'အာရုံများသည် တစ်ခုစီ သီးခြားစီ'** ဖြစ်သော်လည်း တစ်ခုတည်းကဲ့သို့ ထင်လာခြင်းကို **(အာရမ္မဏဃန)**ဟု ခေါ်သည်။

## ဃနသဘောနှင့်နိစ္စ-အတ္တ-သုဘ-သုခ

ရုပ်နာမ်တို့၏အစုပေါင်း **'ဃနသဘော'**ကို မဖြိုခွဲနိုင်သောကြောင့် **'နိစ္စ-အတ္တ-သုဘ-သုခ'**ဟု စွဲယူကာ ပုဂ္ဂိုလ်သတ္တဝါ၊ အတ္တကောင်-ငါကောင် အဖြစ် အရှိယူ၍ သက္ကာယဒိဋ္ဌိဟူသော အယူမှားသည် ဖြစ်ပေါ်လာ၏။

ဥပမာ အိုးဟူသည် ပုံသဏ္ဌာန်သာရ၏။ အိုးကိုမြေနှင့်လုပ်၏။ မြေသည်သာ အရှိတရားဖြစ်၏။ ဝေါဟာရဖြစ်သော အမည်နာမသည် ပုံသဏ္ဌာန်ကို စွဲမှီ၍ဖြစ်၏။ ထို့အတူ ပုဂ္ဂိုလ်သတ္တဝါဟူသည် ပုံသဏ္ဌာန် သာရ၏။ အရှိတရားမှာ ရုပ်နှင့်နာမ်သာဖြစ်၏။ ပုံသဏ္ဌာန်မပျက် ရုပ်နာမ်တို့ အစားထိုးနေခြင်းကို မသိမြင်နိုင်သောကြောင့် နိစ္စ-အတ္တ-သုဘ-သုခဟု ထင်မှတ် စွဲလမ်းခြင်းတို့ ဖြစ်ပေါ်ရလေသည်။ ထို့ကြောင့် ဝိပဿနာ အလုပ်သည် ရုပ်နာမ်တို့ကို အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ အဖြစ် နှလုံးသွင်း ပွားများရခြင်းဖြစ်ပါသည်။

## လောကသိ

လောကသိဟူသမျှသည် (သိစရာ-သိစိတ်-သိသူ)ဟူသော အင်္ဂါ သုံးရပ်တို့တွင် **(သိသူ)**၌ **'ပဓာန'**အားဖြင့် မှီပါသည်။ သိသူဟူသည် ကာယကံရှင်သဘောဖြစ်သည်။ **(လောကသိ)**တွင် **'ကာယကံရှင်'** သဘော **(အနုသယ ကိလေသာ)**သည် **'ထင်ရှားစွာ'** ပါဝင်နေပါသည်။

## ကာယကံရှင်သဘော (အနုသယ)

လောကဝေါဟာရဖြင့် **(သိသူ)**ဟူသော **'ကာယကံရှင်'**သဘောကို အဘိဓမ္မာဝေါဟာရဖြင့် **'အနုသယ'**ဟု ခေါ်သည်။ **'သိမှု'**နှင့်ပတ်သက်

လျှင် **(တဏှာ၊ မာန၊ ဒိဋ္ဌိ)**သည် အနုသယတွင် **'အပြင်းထန်ဆုံး'** ဖြစ်သည်။ ယင်းသုံးမျိုးကို သံသရာချဲ့ **'ပပဉ္စ'**တရားများဟူ၍လည်း ခေါ်သည်။

**'တဏှာ၊ မာန၊ ဒိဋ္ဌိ'**ဆိုသည်မှာ **(ငါ၏ဥစ္စာ၊ ငါ၊ ငါ၏အတ္တ)** ဟူသော **'ကာယကံရှင်'**သဘောဖြစ်သည်။ ယင်းသဘောများကြောင့် လောကနှင့် လောကသိများ ရှိနေခြင်းဖြစ်သည်။

**(အနုသယ)**ဆိုသည်မှာ ကာလသုံးပါးမှလွတ်သည့် အမြဲထာဝစဉ် ရှိနေသော **'ကိလေသာ'** ဖြစ်သည်။ **'တဏှာ၊ မာန၊ ဒိဋ္ဌိ'**ဟူသော ပပဉ္စတရားသုံးပါးကို အခြေခံသည့် **(ပုဂ္ဂိုလ်သတ္တဝါသဘော)**သည် **'မင်ဖြင့်မပယ်သေးသ၍'** ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်ဝယ် **(ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု)**တို့၌ အမြဲထာဝစဉ် ပါရှိနေသည်။ **'ပုဂ္ဂိုလ်သတ္တဝါတစ်ဦး'**အနေဖြင့် လုပ်ကိုင်၊ ပြောဆို၊ ကြံစည် တွေးခေါ်သည့်သဘော ဖြစ်ပါသည်။

## သိသူနှင့်သိစိတ်

## (no person behind knowing)

ဝိပဿနာရှုရာ၌ **'ဘင်ဉာဏ်'**သို့ရောက်သောအခါ **'သိသူ'**ဟူ၍ မရှိပဲ **'သိစိတ်'**သာရှိသည်ဟု သိမြင်လာသည်။ ထိုအခါ **(ဒုက္ခသစ္စာ)**ကို ပိုင်းခြားသိခြင်းနှင့် **(သမုဒယသစ္စာ)**ကို ပယ်ခြင်းသဘောနှစ်ရပ်တို့သည် ထင်ရှားလာသည်။ ထိုကဲ့သို့ ပုဂ္ဂလသတ္တဝါ ကာယကံရှင်သဘော ကွယ်ပျောက်ခြင်းကို မဖွဲ့မပဋိပဒါသဘောအရ **'ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်'**တို့မှ ထမြောက်ခြင်း **(ပဝတ္တဝုဋ္ဌာန)**ဟု ခေါ်ပါသည်။

ဝိပဿနာရှုရာ၌ **'ဗဟိဒ္ဓအာရုံ'** ဖြစ်သော**(သင်္ခါရနိမိတ်)**ကို ပထမအဆင့် အာရုံပြုရသည်။ ယင်းကို သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်ဟူသော ပထမဉာဏ်စဉ်များဖြင့် အာရုံပြုပါသည်။ ယင်း

ဉာဏ်စဉ်များ၌ **'ဒုက္ခသစ္စာ'**သည် ပေါ်လွင်လာပါသည်။

ဒုတိယအဆင့်အရ **'အဇ္ဈတ္တ' (အာရမ္မဏိက)**ဖြစ်သော ပထမ **'ဉာဏ်စဉ်'**အုပ်စုကို ထပ်ဆင့်၍ အာရုံပြုရသည်။ ယင်းသို့ အာရုံပြုသော အခါ **'သမုဒယသစ္စာ'**သည် ပေါ်လွင်လာသည်။

သမုဒယသစ္စာသည် မူလ**(အာရမ္မဏိက)**မှ အာရုံအဖြစ် ပြောင်းလဲသွားသော ဒုတိယအဆင့် အာရုံနှင့်ဆိုင်ပါသည်။ ဒုတိယအဆင့် အာရုံတွင် **'အာရမ္မဏိက'**သဘော ပါဝင်ခြင်းကြောင့် **'အဇ္ဈတ္တ'**သဘောရှိသော **(သမုဒယသစ္စာ)**ကို ပယ်နိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် **'အာရုံ'**ကို သိသောအဆင့်၌ **(ဒုက္ခသစ္စာ)**သဘောသည် ထင်ရှားသည်။ ယင်း**'အသိ'**ကိုပင် **'ထပ်၍သိ'**သောအဆင့်၌ **(သမုဒယသစ္စာ)**သဘောသည် ထင်ရှားလာပါသည်။

## လောကသိနှင့်လောကုတ္တရာသိ

လောကသိဟူသည် သင်္ခါရတရားများကိုသိခြင်းဖြစ်၍**'လောကုတ္တရာသိ'**ဟူသည် သင်္ခါရတရားများ၏**'ငြိမ်းရာ-နိဗ္ဗာန်'**ကို သိခြင်းဖြစ်သည်။ **(လောကသိ)**မှန်သမျှသည် **(ကိုယ်တွေ့ဖြင့် သက်သေပြ)**နိုင်၍ လောကုတ္တရာ **(နိဗ္ဗာန်သိ)**ကို **'မဂ်ဉာဏ်-ဖိုလ်ဉာဏ်'**ဖြင့်သာ သက်သေပြရ၏။

လောကသိ၌ **(အာရုံ-သိစိတ်-သိသူ)**တို့ ပေါင်းဆုံခြင်းကို **(နာနာရသ)** သိသူအနေဖြင့် ရအပ်သည်။ လောကုတ္တရာသိ၌ ကာယကံရှင်သဘောလုံးဝမပါဝင်ပဲ **'ဓမ္မသိ'**သက်သက်ဖြစ်၍ **(အာရုံ-သိစိတ်-သိသူ)**တို့၏ ပေါင်းဆုံခြင်းသဘောကို **(ဧကရသ)**အနေဖြင့် ရအပ်၏။ ဤသို့လျှင် **'ဧကရသ ခေါ် ဝိမုတ္တိရသ'**ဖြင့် နိဗ္ဗာန်၏ ထင်ရှားရှိမှုကို သိအပ်ပါသည်။

## အရှိတရားနှစ်မျိုး

သဘာဝတွင် အရှိတရားနှစ်မျိုးရှိသည်။ လောကအရှိတရားနှင့်

လောကုတ္တရာအရှိတရားဟူ၍ရှိ၏။ **(လောကအရှိတရား)**ဟူသည်မှာ **'အနုသယ'**ဖြစ်၍ **'ပုဂ္ဂိုလ်သတ္တဝါ'**သဘောဖြစ်သည်။ **(လောကုတ္တရာအရှိတရား)**ဟူသည်မှာ **'နိဗ္ဗာန်'** ဖြစ်သည်။ အရှိတရား နှစ်မျိုးလုံး **'ဥပါဒ်-ဋီ-ဘင်' (ဖြစ်-တည်-ပျက်)သဘောမရှိ**ဘဲ ကာလသုံးပါးမှ အလွတ်၊ **'ထာဝရပစ္စုပ္ပန်'** ဖြစ်သည်။

**အာရမ္မဏာနုသယနှင့်သန္တာနာနုသယ**

အာရမ္မဏာနုသယသည် အာရုံ၌ကိန်းသော အနုသယကိလေသာ အကိန်းဓာတ်ဖြစ်သည်။ **'အာရုံ'**အားဖြင့် အစိုင်အခဲမဲ့၊ ဒြပ်မဲ့၊ သဏ္ဌာန်မဲ့ဟု မထင်ဘဲ **(အစိုင်အခဲ၊ ဒြပ်၊ သဏ္ဌာန်)**အနေဖြင့် ထင်၏။ **'အတ္တနိယသဘော'** ဆောင်ပါသည်။ ထို့ကြောင့် နောင်အခါ ထိုအာရုံကို ပြန်၍နှလုံးသွင်းတိုင်း **'ကိလေသာဖြစ်ခွင့်'** ရသွားသည်ကို ထိုအာရုံ၌ ကိလေသာကိန်းသည်ဟု ခေါ်သည်။ ဝိပဿနာ**'ဉာဏ်'**ဖြင့် ရှုမိသောအာရုံမှာ **'အစိုင်အခဲမဲ့၊ ဒြပ်မဲ့၊ သဏ္ဌာန်မဲ့'**အနေဖြင့် ထင်ခြင်းကြောင့် နောင်အခါ ထိုအာရုံနှင့်စပ်၍ ကိလေသာဖြစ်ခွင့် မရသည်ကိုပင် **(ဝိပဿနာဉာဏ်က အာရမ္မဏာနုသယကို ပယ်သည်)**ဟု ဆိုပါသည်။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသောအခါ အာရမ္မဏာ နုသယအစွန်းမှ လုံးဝလွတ်သည် မည်၏။

သန္တာနာနုသယဆိုသည်မှာ မဂ်ဖြင့်မပယ်ရသေးသဖြင့် သတ္တဝါတို့၏သန္တာန်၌ အစဉ်တစိုက်ကိန်းနေသော **(ကိလေသာ အကိန်းဓာတ်)** ဖြစ်သည်။ သတ္တဝါတို့၏ **'အာရမ္မဏိကစိတ်'**များသည် အာရုံများကဲ့သို့ပင် အစိုင်အခဲအနေ၊ ဒြပ်သဏ္ဌာန်အနေဖြင့် ထင်ဟပ်နေခြင်းဖြင့် **'အတ္တသဘော'** ဆောင်ပါသည်။ ဝိပဿနာဉာဏ် ရင့်သန်လာသောအခါ အဆိုပါ သန္တာနာနုသယသဘောများ တဖြည်းဖြည်းပါးသွားပြီး

**(အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို)**မျက်မှောက်ပြုသောအခါ **'သန္တာနာနုသယ'** အစွန်းမှလွတ်မည် ဖြစ်သည်။

## ထွက်ပေါ်ရာနှင့်ချုပ်ငြိမ်းရာ

လောကအရှိတရား **'အနုသယ'**သည် သံသရာ၏ **(ထွက်ပေါ်ရာ)** ဖြစ်၍ လောကုတ္တရာ အရှိတရား **'နိဗ္ဗာန်'**သည် သံသရာ၏ **(ချုပ်ငြိမ်းရာ)** ဖြစ်သည်။ အမှန်အားဖြင့် လောကသံသရာသည် **'အနုသယ'**မှ ထွက်ပေါ်ပြီး **'နိဗ္ဗာန်'**၌ အပြီး ချုပ်ငြိမ်းပါသည်။

ထေရဝါဒအရ ဖြစ်ရာသည် သတ်သတ် ချုပ်ရာသည် သတ်သတ် ဖြစ်ပါသည်။ **(ဖြစ်ရာနှင့်ချုပ်ရာ)**သည် **'တစ်ခုတည်း'**မဟုတ်ပါ။ အခြားဝါဒများ၌ သံသရာနှင့်နိဗ္ဗာန်ဟူသော ဖြစ်ရာနှင့်ချုပ်ရာသည် တခုတည်းသဘောအနေဖြင့် ယူဆကြပါသည်။ ဥပမာ ရေပြင်သည် တည်ငြိမ်ပါက နိဗ္ဗာန်ဖြစ်၍ လှိုင်းထပါက လောက ဖြစ်သည်ဟု ဆိုကြပါသည်။

## လောကတရားများ

ဗုဒ္ဓအဘိဓမ္မာအရ **(လူ့ဘဝ)**သည် **'ကုသိုလ်နှင့်အကုသိုလ်'**တို့၏ ဆန့်ကျင်ဘက် အားတစ်စုံတို့၏ **(အပြိုင်)**သက်ရောက်ရာ**'ဌာန'** ဖြစ်၏။ လူ့ဘဝတွင် **'ပဋိသန္ဓေနေခိုက်'**မှာပင် **(ဘဝ)**ကိုတပ်မက်သည့် **ဘဝ နိကန္တိက (လောဘအကုသိုလ်)** စတင်ဖြစ်ပေါ်ပါသည်။ လောကတွင် နှလုံးသွင်းကောင်းလျှင် ကုသိုလ်စိတ်ဖြစ်၍ နှလုံးသွင်းမကောင်းလျှင် အကုသိုလ်စိတ်များ ဖြစ်ကြပါသည်။

### အကုသိုလ်

အကုသိုလ်နှင့်ပတ်သက်၍ ကျမ်းဂန်များတွင် အဆင့်သုံးဆင့် ထား၍ ဖွင့်ဆိုကြပါသည်။

| | |
|---|---|
| ၁။ အနုသယအဆင့် | (အကိန်းဓာတ်) |
| ၂။ ပရိယုဋ္ဌာနအဆင့် | (မနောကံဖြင့် လွန်ကျူးမှု) |
| ၃။ ဝီတိက္ကမအဆင့် | (ကာယကံ၊ ဝစီကံဖြင့် လွန်ကျူးမှု) |

**'အနုသယ'**အဆင့်ဟူသည် ကာလသုံးပါးမှ အလွတ်ဖြစ်၍ ဒသနကျမ်းများ၌ **'ထာဝရပစ္စုပ္ပန်'**ဟူ၍ ခေါ်သည်။ ပရိယုဋ္ဌာန အဆင့်မှာ **(မနောတွင် ဥပါဒ်-ဌီ-ဘင်)**အနေနှင့် ဖြစ်ပေါ်သည်။ အကြောင်း ညီညွတ်သောအခါ အနုသယအဆင့် **(အကိန်းဓာတ်)**မှ ပရိယုဋ္ဌာန အဆင့် **(မနောကံ)**သို့ ကူးပြောင်း၏။ ဝီတိက္ကမအဆင့်မှာ ပရိယုဋ္ဌာန အဆင့် **(မနောကံ)မှ (ကာယကံ၊ ဝစီကံ)**အဖြစ်သို့ ကိုယ်အားဖြင့်၄င်း နှုတ်အားဖြင့်၄င်း လွန်ကျူးလာသည့်အဆင့် ဖြစ်ပါသည်။

လောကသစ္စာအားဖြင့် **'အနုသယ'**အဆင့် **(အကုသိုလ်)**ကို လောကအရှိတရားဟုခေါ်၏။ လောကအရှိတရားဖြစ်သည့် **'အနုသယ'** ကို **(ပုဂ္ဂိုလ်သတ္တဝါ)**ဟူ၍လည်း အရပ်သုံးဝေါဟာရဖြင့် ခေါ်ဆိုကြပါသည်။

## ဥပါဒါန် (စွဲလမ်းခြင်း)

ဖားကိုမြွေကမလွှတ်တန်း စွဲစွဲမြဲမြဲဖမ်းယူသကဲ့သို့ မိမိ၏ဆိုင်ရာ အာရုံကို စွဲမြဲစွာ ယူတတ်သောသဘောသည် ဥပါဒါန်မည်၏။ ယင်း ဥပါဒါန်ကို စွဲလမ်းခြင်းဟု ခေါ်ပါသည်။ **(ဥပါဒါန်ကြောင့်)** ကာလ အားဖြင့် အပိုင်းပိုင်းကို တစ်ခုတည်း **(သန္တတိဃန)**၊ ဒေသအားဖြင့် အပိုင်းပိုင်းကို တစ်ခုတည်း **(သမူဟဃန)**၊ ကိစ္စအားဖြင့် အပိုင်းပိုင်းကို တစ်ခုတည်း **(ကိစ္စဃန)**၊ အာရုံအားဖြင့် အပိုင်းပိုင်းကို တစ်ခုတည်း **(အာရမ္မဏဃန)** အနေဖြင့် ပရမတ္ထတရားများကို မြင်နေကြခြင်းဖြစ်သည်။

ထိုအခါ ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထု မဟုတ်ပါဘဲလျက် အဆင်း အသံစသည့် အာရုံတို့ကို **'ကာမုပါဒါန်'**ဖြင့် စွဲလမ်း၏။ အယူဝါဒ၌လည်း **'ဒိဋ္ဌုပါဒါန်'**ဖြင့် စွဲလမ်း၏။ အလေ့အကျင့်တို့၌လည်း **'သီလဗ္ဗတုပါဒါန်'** ဖြင့် စွဲလမ်း၏။ ထို့ပြင် မိမိကိုလည်း ပြုလုပ်သူ **(ကာရက)**၊ ခံစားသူ **(ဝေဒက)**၊ စိုးပိုင်သူ **(သာမိ)**၊ ခန္ဓာ၌ အမြဲနေသူ **(နိဝါသီ)**၊ အလိုအတိုင်း ပြုသူ **(သယံဝသီ)**အဖြစ် **'အတ္တဝါဒုပါဒါန်'**ဖြင့်လည်း စွဲလမ်းကြကုန်၏။

### ဥပါဒါန်နှင့်ဖန်ဆင်းရှင်

'ဥပါဒါနပစ္စယာဘဝေါ' ဟူသော ပဋိစ္စသမုပ္ပါဒ်အရ လောကကို **'ဖန်ဆင်းသူ'**မှာ ထာဝရဘုရားမဟုတ်ဘဲ **(ဥပါဒါန်)**သာဖြစ်သည်။ ဥပါဒါန်သည် လောကကိုဖန်ဆင်းရာ၌ မိမိသည်ပင် **'ဖန်ဆင်းသူ'** (အတ္တဝါဒုပါဒါန်) မိမိသည်ပင် **'ဖန်ဆင်းစရာပစ္စည်း'** (ကာမုပါဒါန်)၊ မိမိ သည်ပင် ကိရိယာ **'တန်ဆာပလာ'** (သီလဗ္ဗတုပါဒါန်)၊ မိမိသည်ပင် **'အတတ်ပညာ'** (ဒိဋ္ဌုပါဒါန်)အဖြစ် လောကကို ဖန်ဆင်းရန် အားလုံး ပြီးပြည့်စုံပြီး ဖြစ်ပါသည်။

## နိသတ္တ-နိဇ္ဇီဝ-သဘာဝ

လောကဟူသည် သင်္ခါရတရားများသာဖြစ်၍ **(ဖြစ်-တည်-ပျက်)** သဘောရှိသည့် **'ရုပ်ဓာတ်-နာမ်ဓာတ်'**များသာဖြစ်သည်။ ထို့ကြောင့် သင်္ခါရတရားများကို **'နိသတ္တ-နိဇ္ဇီဝ-သဘာဝ'**ဟူ၍ သတ္တဝါလည်း မဟုတ်၊ အသက်ဇီဝလည်းမဟုတ်၊ သဘောတရားများသာ ဖြစ်ကြပါသည်။

သင်္ခါရတို့သည် ထိုထို**(ဒွါရ)**တို့၌ ထင်သောအခါ သတ္တဝါလည်း မဟုတ်၊ အသက်ဇီဝလည်းမဟုတ်သော **'သဘောတရား'**အဖြစ်သာ ထင်ကြ၏။ ဥပမာ ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာသောအခါ **'အဆင်း ဓာတ်'**အဖြစ်သာ ထင်ခြင်းဖြစ်ပါလျှက် **(ဥပါဒါန်)**သည် **'ဓာတ်'** သဘာဝမျှဖြစ်သော သင်္ခါရတရားများကို လုံးရပ် သဏ္ဌာန်နှင့်တကွ **'သတ္တဝါများ၊ အသက်ဇီဝ'**များဖြစ်အောင် **'ဖန်ဆင်း'**ပေးလိုက်သည်။

ဥပါဒါန်ဖန်ဆင်းချက်အတိုင်း မိမိတို့ကလည်း သင်္ခါရတရားများကို သတ္တဝါများ၊ အသက်ဇီဝများအဖြစ် သိမြင်ကြသည်။ ဤသို့ **(အာရုံများ)** ကို **(အသိများ)**ဖြင့် **'သိခြင်း'**သည် **'လောက'**မည်၏။ ထိုလောကကို **(အနုသယအဆင့်)**ရှိသော **'ဥပါဒါန်'**က ဖန်ဆင်းလိုက်ခြင်းပင် ဖြစ်ပါသည်။

အပ်စူးလျှင် အပ်ဖြင့်ပင် ထွင်ရသည်။ အပ်ချင်းတူသော်လည်း ကိစ္စချင်းကွဲပါသည်။ စူးသောအပ်က မကောင်းသောအပ်ဖြစ်၍ ထွင်သောအပ်က ကောင်းသောအပ်ဖြစ်သည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ **(လောကီကုသိုလ်မှန်သမျှ သည် အဝိဇ္ဇာနုသယ)**ကို အခြေခံသည်ချည်းဖြစ်သည်။ သို့ရာတွင် **'အဝိဇ္ဇာနုသယ'**ကို အခြေခံသော **(အသိများ)**ကို အဝိဇ္ဇာနုသယကို အခြေခံသော **(အသိမှန်)**ဖြင့် ပယ်သတ်ရသည်။ ထိုသဘောကို ရည်ရွယ်၍ ပညာရှိများက အောက်ပါအတိုင်း မိန့်ဆိုခဲ့ခြင်းဖြစ်သည်။

'ရေဖြင့်ပြုအပ်သော နွံ့နွံသည် **'ရေ'**ဖြင့်သာလျှင်
**'စင်ကြယ်'**ရာ၏။'

'စိတ်ဖြင့်ပြုအပ်သော မကောင်းမှုသည် **'စိတ်'**ဖြင့်သာလျှင်
**'စင်ကြယ်'**ရာ၏'

## မိစ္ဆာဒိဋ္ဌိ၏အဆို

အချို့ကဆို၏။ ကြက်သတ်ခြင်းကြောင့် အကုသိုလ်ဖြစ်သည် မဟုတ်၊ ကြက်သတ်လျှင် အကုသိုလ်ဖြစ်သည်ဟု **'စွဲလမ်း'**ယုံကြည်ခြင်း ကြောင့်**'အကုသိုလ်'** ဖြစ်ရသည်။ ထိုပုဂ္ဂိုလ်၏အဆိုမှာ စွဲလမ်းမှု ဥပါဒါန် ကြောင့်သာ ကုသိုလ်-အကုသိုလ်ဖြစ်ရသည်။ **'ဥပါဒါန်'**အစွဲမရှိလျှင် **(ကုသိုလ် အကုသိုလ်)**မဖြစ်ဟူ၍ ဖြစ်သည်။

**'ဥပါဒါနပစ္စယာဘဝေါ'** ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် အရ ဥပါဒါန်ကြောင့် ကုသိုလ်-အကုသိုလ် (ကမ္မဘဝ)ဖြစ်သည်ဟု ဆိုကြ ပါသည်။ ယင်းအဆိုသည် မိစ္ဆာဒိဋ္ဌိတို့၏ အဆိုသာဖြစ်သည်။ (အနုသယ- ဥပါဒါန်၏သဘောကို မသိသောကြောင့် ဖြစ်ပါသည်။ **အနုသယ-ကိလေ သာ ခြံရံလျှက်**ရှိသော **စေတနာ**သည်သာ ကုသိုလ်-အကုသိုလ်ကံဖြစ်၏။)

## ဝိဘဇ္ဇဝါဒီ၏အဆို

ပရမတ္ထတရားတို့သည် မည်သည့်အကြောင်းနှင့်မျှ ဖောက်ပြန်ခြင်း မရှိ။ မိမိသဘောအတိုင်း ဆောင်လျှက်ရှိကုန်၏။ ကြက်သတ်၍ ဘုရား ပူဇော်လျှင် ကုသိုလ်ရ၏ဟု **'ယုံကြည်ရုံမျှနှင့် ကုသိုလ်မရ'**ပါ။ ကြက် သတ်ခြင်းသည် အကုသိုလ်ဖြစ်၍ ဘုရားပူဇော်ခြင်းသည် ကုသိုလ်ဖြစ် သည်။ ဤအဆိုသည်သာ ဝိဘဇ္ဇဝါဒီတို့၏အဆို ဖြစ်ပါသည်။

အမှန်အားဖြင့် စွဲလမ်းမှု **(ဥပါဒါန်သည် အကုသိုလ်)**သာဖြစ်သည်။ အကုသိုလ်ကို မေ့ဖျောက်ထားခြင်းဖြင့် မပယ်သတ်နိုင်ပါ။ **(မေ့ဖျောက်**

**ထားခြင်းသည်ပင် အကုသိုလ်)**ဖြစ်သည်။ **'အကုသိုလ်ကို ကုသိုလ်ဖြင့်သာ ပယ်'**သတ်နိုင်သည်။ **'အနုသယ-အကုသိုလ်'**ကို **'မဂ်ကုသိုလ်'**ဖြင့်သာ အကြွင်းအကျန်မရှိ **'အပြီး'**ပယ်သတ်နိုင်ပါသည်။

## ယောဂ (ယှဉ်ကပ်ပေးခြင်း)

ယောဂဟူသည် ယှဉ်ကပ်ပေးတတ်သော တရားများဖြစ်သည်။ ယင်းတရားများသည် လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ဖြစ်ကြ၍ ထိုတရားတို့သည် သတ္တဝါတို့ကို သံသရာဝဋ္ဋ်ဆင်းရဲ၌ ယှဉ်ကပ်ပေးတတ်သည်။ ထိုသို့ **လောဘ၊ ဒိဋ္ဌိ၊ မောဟတို့က ခန္ဓာငါးပါး**ကို ယှဉ်ကပ်ပေးရာတွင် **'ငါ' ဟူသော (ဓမ္မသစ်)**တစ်ခု ထွက်ပေါ်ခဲ့ပါသည်။ 'ငါ'ဟူသော ဓမ္မသစ်သည် **(မူလခန္ဓာငါးပါး)**၌ မပါဝင်ဘဲ ယှဉ်ကပ်မှုကို အကြောင်းပြု၍ နောက်မှ ထွက်ပေါ်လာသည့် ဓမ္မသစ်တစ်ခုဖြစ်သည်။ ယင်းဓမ္မသစ်ကို ပါဠိဝေါဟာရဖြင့် **'အတ္တ'**ဟု ခေါ်ဆိုကြပါသည်။

## လောက၏အုတ်မြစ်

ဗုဒ္ဓဝါဒအရ အတ္တသည် နောက်တိုးတရားဖြစ်၍ လောက၏အခြေခံအုတ်မြစ်လည်းဖြစ်သည်။ **(အတ္တအုတ်မြစ်)**ပေါ်မူတည်၍ လောကကို သင်္ခါရတရားများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ လောကကို ဖျက်သိမ်းရန် ကြိုးပမ်းသောအခါ အခြေခံအုတ်မြစ် 'အတ္တ'ကို အပြီးတိုင် ဖျက်သိမ်းရပါသည်။ ထိုအခါ လောကချုပ်၍ နိဗ္ဗာန်သည် ထင်ရှားလာသည်။ အတ္တဖျက်သိမ်းရန် ဗုဒ္ဓပိဋကတ်တော်၌ ဤသို့ ဖော်ပြထားပါသည်။

| | | |
|---|---|---|
| **နေတံ မမ** | **- ငါ၏ဥစ္စာမဟုတ်** | **(တဏှာ)** |
| **နေသော ဟံ** | **- ငါမဟုတ်** | **(မာန)** |
| **န မေသော အတ္တာ** | **- ငါ၏အတ္တမဟုတ်** | **(ဒိဋ္ဌိ)** |

ဗုဒ္ဓခေတ်မတိုင်မှီက အရာရာတိုင်းကို အတ္တဖြင့်သာ တိုင်းတာ၏။

ထိုခေတ်အယူဝါဒရ **အတ္တသည် (နောက်တိုး)တရားမဟုတ်ဘဲ (မူလတရား)**ဖြစ်သည်။ အရာရာတိုင်းသည် အတ္တအပေါ် အခြေခံရသည်။ လောကရှိ အရာရာတိုင်း ပျက်စီးသွားသောအခါ **အတ္တသည် အမြဲတေ** အဖြစ် မပျက်မစီးပဲ ကျန်ရစ်ပါသည်။ ထိုအခါ တစ်ခုတည်းသော **အတ္တ (ဗြဟ္မာ)**ဖြစ်လာသည်။ ဗြဟ္မာကိုပင် **'ပရမအတ္တ'**ဟူ၍လည်း ခေါ်သည်။ ထို့ကြောင့် အတ္တသည်သာ စစ်မှန်သော အမြဲတေ ရတနာ၊ သစ္စာတရား၊ အရှိတရားဖြစ်၍ လောကနှင့် လောကရှိ အရာရာတိုင်းကို အတ္တဖြင့် တန်ဖိုးဖြတ်ကြခြင်း ဖြစ်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီက လောက၏'စံ'အဖြစ်သတ်မှတ်ပြီး အမြတ်တနိုး တန်ဘိုးထားခြင်းခံရသော အတ္တကို ဗုဒ္ဓခေတ်တွင် အယုတ်ဆုံး 'ယောဂ' အဖြစ် သတ်မှတ်ပြီး ဖျက်သိမ်းရန် အားထုတ်ကြသည်။ ဤသည်မှာ ခေတ်နှစ်ခေတ်၏ အမြင်ရေးရာ ခြားနားမှုပင်ဖြစ်ပါသည်။

## ဝိပလ္လာသတရား (၃)ပါး

(ဖောက်ပြန် ထင်မှားခြင်း)

**စိတ္တဝိပလ္လာသ** - စိတ်အမြင်မှောက်မှားပုံကို အနတ္တဒီပနီတွင် စိတ်ဟူသည် ရုပ်နာမ်တရားတို့ကို တပေါင်းတည်း၊ တခုတည်းပြု၍ **(သမူဟပညတ်)**ကိုသာမြင်တတ်၏။ မီးတောက်မီးလျှံကိုငှင်း၊ မြစ်ရေအယဉ်ကိုငှင်း တလုံးတခဲ တခုတည်းအဖြစ်မြင်၏။ စိတ်ကိုလည်း တသက်လုံးမှာ တစိတ်သာရှိ၏ဟု **(သန္တတိပညတ်)**ကိုသာမြင်၏။ မီးတောက်ကိုလည်း တညလုံးမှာ မီးတောက်တခုသာဟု မြင်ခြင်းသည် စိတ်အမြင် မှောက်မှားမှုတည်း။

စက္ခုဝိညာဏ်ဖြင့် အဆင်း (ရူပါရုံ)ကိုသာ မြင်သော်လည်း မနောဝိညာဏ်ဖြင့် လူဟုသိမြင်၏။ ပရမတ်အရှိအတိုင်းမသိပဲ **(ပညတ်အမြင်)**ဖြင့် သိခြင်းသည် စိတ်၏မှောက်မှားမှု ဝိပလ္လာသဖြစ်၏။ မနေ့ကလဲ ဒီလူ၊ ဒီနေ့လဲ ဒီလူဟု သိခြင်းသည် **(နိစ္စသာမည)**အသိသာဖြစ်၏။

**သညာဝိပလ္လာသ** - စိတ်သိသည့်အတိုင်း သညာသည် မှတ်သားတတ်၏။ နောင်တဖန် ထိုအာရုံမျိုးကိုမြင်လျှင် **'ရှေ့ကမှတ်ထားသည့်အတိုင်း တဖန်ပြန်သိ၏။'** ဥပမာ **(စာခြောက်ရုပ်)**ကို တောသမင်တို့သည် ရှေးကမှတ်ထားသော လူပုံနှင့်တူသောကြောင့် **'လူဟု သညာဖြင့်အမှတ်မှားခြင်း'**သည် သညာဝိပလ္လာသဖြစ်၏။ ထို့ကြောင့် **'စိတ်နှင့်သညာ'**တို့ဖြင့်သိသော **'နိစ္စတို့သည် သာမည'**အဆင့်သာဖြစ်၍ **(ဒိဋ္ဌိမဟုတ်)**ချေ။

စိတ်နှင့်သညာတို့သည် စိတ်ဖြစ်တိုင်း အမြဲပါနေသဖြင့် **'စိတ္တဝိပလ္လာသနှင့်သညာဝိပလ္လာသ'**ကို **(ခွဲခြားသိရန် မလွယ်)**ချေ။ အာရုံကိုသိခြင်းကိစ္စ၌ စိတ္တဝိပလ္လာသအားကောင်း၍ မှတ်သားခြင်း

သင်ယူခြင်း ကိစ္စတို့၌ သညာဝိပလ္လာသသည် အားကောင်းလေသည်။

ထို့ကြောင့် လူအများပြောဆိုကြသော **'အသက်ရှည်၏၊ တို၏၊'** အသက်ငါးဆယ်၊ အသက်တရာစသည်တို့သည် စိတ္တဝိပလ္လာသနှင့် သညာဝိပလ္လာသတို့ဖြင့် **အသိမှား-အမှတ်မှား**ခြင်းသာဖြစ်၍ **(ဒိဋ္ဌိအယူမဟုတ်၊)** တိတ္တိတို့အယူဖြစ်သော **'အတ္တကောင်၊ အသက်ကောင်၊ ဝိညာဏ်ကောင်'**မျိုးယူမှသာ ဒိဋ္ဌိအယူဖြစ်၏။ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ သဘောသာရှိ၏။ အတ္တဟူ၍မရှိ။

**ဒိဋ္ဌိဝိပလ္လာသ -** မိမိ၏ကိုယ်တွင်းမှာ စိတ်ကို တစ်သက်လုံး တစ်စိတ်တည်းသာ အမှန်ဖြစ်၏။ ထိုစိတ်သည် သတ္တဝါ၏ (အနှစ်သာရ) အတ္တအဖြစ် မြင်၏။ ဤကား ဒိဋ္ဌိ၏အယူမှားမှု ဖြစ်သည်။

## သမုတိသစ္စာနှင့်ပရမတ္ထသစ္စာ
## (မိုးညှိဝိနိစ္ဆယ)

ကထာခေါ်သစ္စာ - လောကတွင် ကထာဟုဆိုအပ်သော စကားတို့သည် သမုတိကထာနှင့် ပရမတ္ထကထာဟူ၍ နှစ်မျိုးရှိ၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ ယောက်ျား၊ မိန်းမ၊ တိဿ၊ နာဂဟူ၍ ခေါ်ဝေါ်ပြောဆိုခြင်းသည် သမုတိကထာမည်၏။ ခန္ဓာ၊ အာယတန၊ ဓာတ်ဟူ၍ ခေါ်ဝေါ်ပြောဆိုခြင်းသည် ပရမတ္ထကထာမည်၏။ မြတ်စွာဘုရားရှင်တို့သည် ပရမတ္ထတရားတို့ကို ဟောကြားရာ၌ပင် သမုတိကထာတို့ကို လွတ်၍ ဟောကြားတော်မူလေ့မရှိပေ။ ယင်းတို့ကို သမုတိသစ္စာ၊ ပရမတ္ထသစ္စာဟူ၍လည်း ဆိုကြကုန်၏။

လူ၊ ယောက်ျား၊ မိန်းမ၊ ခွေး၊ နွားစသည့် သမုတိသစ္စာတို့ကို ပြောဆိုခြင်းမှာ အပြစ်မရှိ၊ သမုတိအားဖြင့် မှန်ကန်သဖြင့် မုသာဝါဒလည်း မဖြစ်။ သို့သော် ပညတ်တိုင်းသည် သမုတိသစ္စာမထိုက်ချေ။ ဥပမာ

အမြဲ့မြ၏သားဟုပြောဆိုပါက ဝေါဟာရသင်္ကေတအရ ညွှန်ပြစရာ မရှိ သောကြောင့် သစ္စာဟု မဆိုနိုင်ပါ။ ထို့အတူ အတ္တကောင်၊ ဝိညာဏ်ကောင်ဟု ပြောသောစကားသည် မုသားစကားသာဖြစ်၏။ သမုတိသစ္စာမဟုတ်။ 'သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏာ'ဟု ကျမ်းဂန်အဆိုရှိ၏။ ထို့ကြောင့် သမုတိသစ္စာထိုက်သော ပညတ်နှင့် သမုတိသစ္စာမျှပင် မထိုက်သော ပညတ်ဟူ၍ နှစ်မျိုးရှိ၏။ အတ္တကောင်၊ ဝိညာဏ်ကောင်ဟူသည်ကား သမုတိသစ္စာမျှပင် မထိုက်၊ မုသာဝါဒသည်ပင် ဖြစ်သေး၏။

သမုတိသစ္စာစကားအတိုင်း လူ၊ ယောက်ျား၊ မိန်းမ၊ ခွေး၊ နွားစသည့် ခေါ်ဝေါ်မှုတို့သာမက ယင်းတို့၌ တပ်စွဲမှုတို့သည်ပင် မုသာဝါဒ မဖြစ်သည့်အပြင် သက္ကာယဒိဋ္ဌိမျှပင် မဖြစ်ပေ။ ယင်းသို့ ဒိဋ္ဌိမဖြစ်လျှင် မည်သည့်တရားဖြစ်သနည်း။

## ပညတ်စွဲ (သညာဝိပလ္လာသ)

သန္တတိဃန၊ သမူဟဃနကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ၊ ကျွဲ၊ နွား စသည် ထင်မှတ် တပ်စွဲမှုသည် **'သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ'**၊ သတ္တသမ္မောဟ၊ **'တဏှာမညနာ၊ မာနမညနာ'**၊ ဝိစိကိစ္ဆာတို့သာ အခွင့်အားလျော်စွာ ဖြစ်ကုန်၏။ ပရမတ် **'ရုပ်နာမ်သဘာဝကို မသိ'** သောကြောင့် ပညတ်အမြင်ဖြင့် စွဲလမ်းကြသော **'ပညတ်စွဲ'**မျှသာဖြစ်၏။ **(သက္ကာယဒိဋ္ဌိမဖြစ်)**ဟု ဆို၏။

ပညတ်ဟူသည် အရှိတရားမဟုတ်။ ဥပမာ ရွှံ့ကို လူပုံသဏ္ဌာန် လုပ်ပါက လူဟုငင်း၊ နွားပုံသဏ္ဌာန်လုပ်ပါက နွားဟုငင်း၊ ခွေးပုံသဏ္ဌာန်လုပ်ပါက ခွေးဟုငင်း ခေါ်၏။ ရွှံ့တမျိုးတည်းကိုပင် ပုံသဏ္ဌာန် နိမိတ်တို့ မတူသောကြောင့် အမည်အမျိုးမျိုးပြောင်းနေခြင်းသာဖြစ်၏။

အမည် ပညတ်တို့သည် လောကမှာ အရှိတရားများ မဟုတ်ကြသော်လည်း ထိုအမည် ပညတ်တို့ကိုပင် စွဲလမ်းတတ်ကုန်၏။

## အမှတ်မှားခြင်း (သညာဝိပလ္လာသ)

ပုဂ္ဂိုလ်သတ္တဝါဟု ထင်မှတ်မှုသည် **'စာချောက်ရုပ်ကို လူဟု အမှတ်မှားမှု'**သဘောမျိုးနှင့်တူ၏။ သညာဖြင့် အမှတ်မှားခြင်းသာဖြစ်၏။ **(သညာဝိပလ္လာသ)**မျိုးသာဖြစ်၍ **(မိစ္ဆာဒိဋ္ဌိအယူမှား မဟုတ်)**။

သမုတိနယ် **(မျက်မြင်)**တွင် ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် မြင်သော်လည်း **'အကြောင်းနှင့်ကင်းပြီး'** ပုဂ္ဂိုလ်သတ္တဝါ၏ **(အလိုအတိုင်းဖြစ်ခြင်း)** မဟုတ်ဟုသိမြင်ပါက အနတ္တအမြင်ဖြစ်၏။ **'သတ္တဝါကို ဖျောက်၍ စဉ်းစားရန်မဟုတ်'**၊ မိမိအလိုနှင့်ကင်းသည့် **(ရုပ်နာမ် သဘောကိုသာ သိမြင်)**အောင် **'နှလုံးသွင်းမှန်'**ရန်ဖြစ်သည်။

## အတ္တသညာနှင့်သတ္တသညာ (ဖားအောက်)

အတ္တသညာဟူသည် အတ္တဒိဋ္ဌိစွဲတည်း။ သာသနာပ အယူအဆရှိသော တိတ္ထိတို့သည် 'အတ္တသည် သေလျှင်ပြတ်၏'ဟု ယူဆကြ၏။ **(ဥစ္ဆေဒဒိဋ္ဌိ)**တည်း။ အတ္တသည် သေလျှင်မပြတ်၊ မြဲ၏ဟု ယူဆကြ၏။ **(သဿတဒိဋ္ဌိ)**တည်း။

အတ္တသည် ခန္ဓာအိမ်၏ပိုင်ရှင် **(သာမိအတ္တ)**ဖြစ်၏။ ခန္ဓာအိမ်သည် တဘဝပြီး တဘဝပြောင်းနေသော်လည်း အတ္တသည်မပြောင်း၊ ခန္ဓာအိမ်တိုင်း၌ အမြဲလိုက်ပါနေခြင်း **(နိဝါသီအတ္တ)**ဖြစ်၏။ အတ္တသည် ပြုလုပ်တတ်၏၊ ခံစားတတ်၏၊ စီမံခန့်ခွဲတတ်၏၊ အတ္တသည် မိမိအလိုအတိုင်း ခန္ဓာအိမ်ကို လိုက်ပါစေတတ်၏ဟုယူသော **(သယံဝသီအတ္တ)** ဖြစ်၏။ ဤသို့ဖြင့် အတ္တရှိကြောင်းကို ပြောဆိုတတ်၏။ သဿတဒိဋ္ဌိစွဲတည်း။ ဤသဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးလုံးသည် အတ္တဒိဋ္ဌိစွဲပင်တည်း။

သတ္တသညာဟူသည် လောက၌ ယောက်ျား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ-လူ-နတ်-ဗြဟ္မာ စသည်တို့သည် တကယ်ထင်ရှားရှိဟု **(စွဲလမ်းယုံကြည်လျက်)**ပြောဆိုကြ၏။ လောကသမညာ အတ္တစွဲ၊ **လောကဝေါဟာရ အတ္တစွဲ၊** လူတို့ခေါ်ဝေါ်သုံးစွဲသည့်အတိုင်း တကယ် ထင်ရှားရှိ၏ဟု စွဲလမ်းယုံကြည်သော အတ္တစွဲမျိုးဖြစ်၏။ သတ္တသညာပင်တည်း။ (ပုံသဏ္ဌာန် ပညတ်ကို စွဲခြင်းဖြစ်၏။)

## သတ္တသမ္မောဟ (ဝိသုဒ္ဓိမဂ်ဋီကာ)

ရုပ်နာမ်မျှသာရှိသည်ဟု မဆုံးဖြတ်ရသေးခြင်းကြောင်း၄င်း၊ **'သန္တတိ ဃန'**ဟူသော သန္တာန်အစဉ်၌၄င်း၊ **'အာရမ္မဏ ဃန'**ဟူသော အာရုံအပေါင်းအစု၌၄င်း ဉာဏ်ဖြင့် မဖျက်ဆီးဘူးသေးခြင်းကြောင့်၄င်း **'မှားယွင်းသော နှလုံးသွင်းမှု'**မရှိပဲ တပေါင်းတည်းအဖြစ်၊ တခုတည်းသောအဖြစ်ကို ယူသောအားဖြင့် သတ္တဝါဟု ထက်ဝန်းကျင်မှ တွေဝေခြင်း (သတ္တဝါမဟုတ်သည်ကို သတ္တဝါဟု **'မောဟ'** စိတ်ဖြင့် မှတ်ယူခြင်း)သည် သတ္တသမ္မောဟမည်၏။

ထို**'သတ္တသမ္မောဟကို ဖယ်ခွာခြင်း'**သည် **'ဝိပဿနာဉာဏ်'**၏ အရာမည်၏။ **(အနတ္တဉာဏ် အမြင့်ဆုံး)** မရောက်သေးသ၍ **'အနာဂါမ်'** ပုဂ္ဂိုလ်များမှာလည်း သတ္တသမ္မောဟဖြင့် **(ပုဂ္ဂိုလ်သတ္တဝါအမြင်)**မျိုး ရှိသေး၏။ မဟာဋီကာအဖွင့်တွင် **သတ္တဝါဟူသည်** လောကအမှတ်အသား၏အစွမ်းဖြင့်သာလျှင် **(လောက အမှတ်အသားအတိုင်း လိုက်နာ၍သာလျှင်)** လောက အနက်သဘောအတိုင်း ပြောဆိုအပ်၏။

အနုဋီကာတွင် **'သာမိ၊ နိဝါသီ၊ သယံဝသီ၊ ကာရက၊ ဝေဒက'**စသည်အားဖြင့် **'နှလုံးသွင်းမှားသော အယူ'**တို့ကိုသာ ပယ်ရှားအပ်ကြောင်း၊ ဝေါဟာရ သမုတိသစ္စာဖြစ်သော ပုဂ္ဂိုလ်ကို မပယ်ရှားအပ်ကြောင်း မိန့်ဆို၏။

## လောဘ-ဒိဋ္ဌိ-မောဟ-မာန

**လောဘ** - စက္ခုအကြည်အာရုံကို **'ငါ့ဟာ'**ဟု စွဲယူခြင်းသဘော၊ ထိုအာရုံကို လိုလား**'တပ်မက်ခြင်း'**သဘော၊ ထိုအာရုံ၌ **'ကပ်ငြိနေခြင်း'** သဘောတို့သည် လောဘမည်၏။

**ဒိဋ္ဌိ** - စက္ခုအကြည်အာရုံကို နိစ္စ၊ အတ္တ၊ သုဘ၊ သုခဟု **'စွဲလမ်း ယုံကြည်ခြင်း'**သဘော၊ **'အယူမှား - ခံယူချက်မှားခြင်း'**သဘောဖြစ်၏။

**မောဟ** - စက္ခုအကြည်အာရုံ၏ အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ အနတ္တ ဟူသော သဘောအမှန်ကို **'မသိခြင်း'**သဘော၊ နိစ္စ၊ အတ္တ၊ သုဘ၊ သုခ ဟု **'အသိမှားခြင်း'**သဘောဖြစ်၏။

**မာန** - ငါမှတပါး အခြားသူတဦးသည် ဤရူပါရုံအရောင်ကို အသိဉာဏ်၌ ထင်ရှားအောင် ရှုနိုင်စွမ်းသောသူသည် မရှိ။ **'ငါသာလျှင်'** ရှုနိုင်၏ဟု မိမိကိုယ်ကို **'အထင်ကြီးမှု'**သည် မာနမည်၏။

### 'မောဟနှင့်ဒိဋ္ဌိအထူး'

### (ဝိသုဒ္ဓိမဂ်-မြန်မာပြန်)

မောဟသည် (အနိစ္စ-ဒုက္ခ-အနတ္တ)တို့ကို ပကတိသိနေကျအတိုင်း **(နိစ္စ-သုခ-အတ္တ)**ဟု မှားယွင်းစွာ **'တွေတွေဝေဝေသိ'**၏။ ထိုးထွင်း၍ မသိစေခြင်း၊ **'အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်း ကိစ္စ'** ရှိ၏။

ဒိဋ္ဌိသည် အတ္တမဟုတ်သော ရုပ်နာမ် သဘောတရားတို့ကို အတ္တ ဟူ၍လည်းကောင်း၊ ယင်း**(အတ္တ)**သည် မပျက်စီးဘဲ **(အမြဲတည်)** ရှိနေသည်ဟူ၍၎င်း၊ သို့မဟုတ် သေသောအခါ **(လုံးဝပျောက်ပျက်)** သွားသည်ဟူ၍၎င်း၊ **(ကံနှင့်ကံ၏အကျိုးသည်မရှိ)**ဟူ၍၎င်း စသည်ဖြင့် မှားယွင်းစွာ ထင်မြင် စွဲလမ်းခြင်းဖြစ်သည်။ ဤသို့အားဖြင့် မောဟနှင့် ဒိဋ္ဌိတို့သည် အလွဲသိမြင်ပုံခြင်း ကွဲပြား၏။

## ဒိဋ္ဌိနှင့်တဏှာ

တဏှာဟူသည် အာရုံကို ဆာလောင်ခြင်းဖြစ်၏။ အာရုံကပေး စွမ်းနိုင်သော သုခဝေဒနာကို တောင့်တ၍ အာရုံကို တွယ်တာ တပ်မက် ခြင်းဖြစ်သည်။

အဝိဇ္ဇာသည် အာရုံ၏(ရုပ်နာမ်) သဘောအမှန်ဖြစ်သော (အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ)ကို ဖုံးလွှမ်း၍ နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟူသော အသိမှား (ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု)တို့ကို ဖော်ပြပေး၏။ အဝိဇ္ဇာ ကြောင့် အသိမှားနေသော ထိုထိုအာရုံတို့ကို **(သညာဖြင့် အမှတ်မှား ရုံသက်သက်)**မျှမဟုတ်ပဲ **(ဒိဋ္ဌိစေတသိက်ဖြင့် မလွတ်တန်း ဂါဟ ကိုက်)** ထားသောကြောင့် ထို(ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု)ဟူသော **အသိမှားမှု၊ အမှတ်မှားမှုအပေါ်တွင် အယူမှားမှု (ဒိဋ္ဌိ)သည် ထပ်ဆင့်** ဖြစ်ပေါ်လာသည်။

ထိုအယူမှားမှု (ဒိဋ္ဌိ)ကြောင့် ထို(ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု) တို့ကို အလိုအတိုင်း အစိုးရသည်ဟူ၍၄င်း၊ အမာခံအားဖြင့် အနှစ် သာရရှိသည်ဟူ၍၄င်း၊ အသက်ကောင်၊ အတ္တကောင်၊ ဝိညာဏ်ကောင် အနေဖြင့် မပျက်မစီးပဲ တဘဝမှတဘဝသို့ ကူးပြောင်းနေသည်ဟု **'သဿတဒိဋ္ဌိ'**အယူအားဖြင့်၄င်း၊ ထိုအသက်ကောင်၊ အတ္တကောင်၊ ဝိညာဏ်ကောင်သည် သေလျှင် ပြတ်စဲ၏ဟု **'ဥစ္ဆေဒဒိဋ္ဌိ'**အယူအား ဖြင့်၄င်း ပြင်းစွာ စွဲလမ်းနေကြခြင်းဖြစ်သည်။

## တဏှာအပေါ်မှာ ဒိဋ္ဌိဆင့်ခြင်း

တဏှာဖြင့်စွဲလမ်းမှုသည် မိမိကိုယ်ကို ပိုင်ရှင်ပြုပြီး ကိုယ်အင်္ဂါနှင့် ဥစ္စာပစ္စည်းတို့ကို ငါ့ဥစ္စာပြု၍ သိမ်းပိုက်ခြင်းဖြစ်သည်။ ငါ့ခြေ၊ ငါ့လက်၊ ငါ့သား၊ ငါ့မယား၊ ငါ့ကျွဲ၊ ငါ့နွားပြု၍ တဏှာဖြင့် သာယာစွဲလမ်းခြင်း

ဖြစ်သည်။ လောဘမူ ဒိဋ္ဌိဝိပ္ပယုတ်စိတ်ဖြင့် သောတာပန်ပုဂ္ဂိုလ်များပင် တဏှာမည်နာဖြင့် ထင်မှတ် စွဲလမ်းကြကုန်၏။

'ဘဝသည် ပြတ်စဲ၏'ဟူသော ဉစ္ဆေဒအယူ၊ 'ဘဝသည် မြဲ၏'ဟူသော သဿတအယူတို့နှင့်ယှဉ်သော ဘဝတဏှာ၊ ဝိဘဝတဏှာတို့ သာလျှင် ဒိဋ္ဌိနှင့်ယှဉ်သော လောဘမူ သမ္ပယုတ်စိတ် (၄)ခုတို့ဖြစ်ကြသည်။ ထို့ကြောင့် တဏှာအပေါ်တွင် 'မြဲသည်-ပြတ်သည်'ဟူ၍ ထပ်ဆင့် အယူမှားခြင်း (ဒိဋ္ဌိ)သည် ဖြစ်ပေါ်လာသည်။

## မိစ္ဆာဒိဋ္ဌိ

မိစ္ဆာဒိဋ္ဌိဟူသည် သုံးမျိုးရှိ၏။ **'အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ'**တို့ဖြစ်ကြ၏။

၁။ အဟေတုကဒိဋ္ဌိသည် **'အကြောင်းကံနှင့်အကျိုးဝိပါက်'** နှစ်မျိုး စလုံးကို ပယ်သောအယူဖြစ်၏။

၂။ အကိရိယဒိဋ္ဌိသည် ကောင်းမှု-မကောင်းမှုပြုသော်လည်း ပြုရာ မရောက်ဟူ၍ **'အကြောင်းကံ'**ကိုပယ်သော အယူဖြစ်၏။

၃။ နတ္ထိကဒိဋ္ဌိသည် **'အကျိုးဝိပါက်'**ကို ပယ်သောအယူဖြစ်၏။

ထိုအယူသုံးမျိုးကို **'နိယတမိစ္ဆာဒိဋ္ဌိ'**ဟု ခေါ်၏။ သေပြီးအခြား မဲ့၌ **(အပါယ်ပဋိသန္ဓေကိုသာ အကျိုးပေး၏။)** မြဲသောဂတိ ရှိကုန်၏။ ထို့ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ကျွဲ၊ နွား စသည် ထင်မြင် စွဲမှတ်ရုံမျှဖြင့် မိစ္ဆာဒိဋ္ဌိ မဖြစ်ချေ။

## သက္ကာယဒိဋ္ဌိ

ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍတွင် 'ဤလောက၌ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတို့၌ အကြားအမြင်မရှိသော၊ အရိယာတို့၏ အဆုံးအမနှင့်ကင်းသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် ခန္ဓာငါးပါး၌

ဖြစ်စေ၊ ခန္ဓာငါးပါးမှ အလွတ်ဖြစ်စေ **'အတ္တ'** ရှိသည်ဟု အဖန်ဖန်တလဲလဲရှုခြင်း ဒိဋ္ဌိသံယောဇဉ်၊ ဒိဋ္ဌိတည်းဟူသော ပြင်းစွာစွဲယူတတ်သောဂါဟ၊ အားကြီးစွာ ဖြစ်တည်ခြင်း ပတိဋ္ဌာန၊ ဤအယူမှန်သည်ဟုသုံးသတ်သော ပရာမာသ၊ ငါ့အယူသာမှန်သည်၊ အခြားအယူတို့မှား၏ဟု စွဲလမ်းသော အဘိနိဝေသတို့ဖြင့် ဖောက်ပြန် မှားယွင်းစွာ စွဲယူကြ၏။

ထို့ပြင် **ကာရက** (ပြုသူ)၊ **ဝေဒက** (ခံစားသူ)၊ **သာမိ** (ပိုင်ရှင်)၊ **နိဝါသီ** (အမြဲနေသူ)၊ **သယံဝသီ** (စီမံတတ်သူ၊ အစိုးရသူ)အနေဖြင့် အတ္တအယူကို စွဲလမ်းယုံကြည်ကြ၏။ အတ္တကိုလည်း **နိစ္စ၊ ဓုဝ၊ သဿတ၊ အဝိပရိဏာမ** ဟူသော အခြင်းအရာအားဖြင့် နှလုံးသွင်း၏။ ပါဠိအနေဖြင့် မိစ္ဆာဝသေန၊ အတ္တဒိဋ္ဌိဝသေန၊ **'အယောနိသော မနသိကာရ'** ဟူ၍လည်း ဆိုကြကုန်၏။

## သက္ကာယဒိဋ္ဌိ -၂၀

သက္ကာယဒိဋ္ဌိသည် ခန္ဓာငါးပါးအပေါ်တွင် အယူမှားခြင်းဖြစ်သည်။

ခန္ဓာတစ်ပါးအပေါ်တွင် (၄)မျိုး အယူမှားသဖြင့် ခန္ဓာငါးပါးအပေါ်၌ သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပေါ်ရသည်။ ဥပမာ -

၁။ ရုပ်သည် အတ္တဖြစ်၏။ (ရုပ်နှင့် အတ္တကို အတူတူယူ၏။)

၂။ ရုပ်ရှိသော အတ္တဖြစ်၏။ (အရိပ်ရှိသော သစ်ပင်ကဲ့သို့ ရုပ်ရှိသော အတ္တဟုယူ၏။)

၃။ အတ္တ၌ ရုပ်ရှိ၏။ (ပန်းပွင့်၌ အနံ့ရှိသကဲ့သို့ အတ္တ၌ ရုပ်ရှိ၏ဟုယူ၏။)

၄။ ရုပ်၌ အတ္တရှိ၏။ (ကြုတ်၌ ပတ္တမြားရှိသကဲ့သို့ ရုပ်၌ အတ္တရှိ၏ဟုယူ၏)

အထက်ပါအတိုင်း ရုပ်အပေါ်တွင် အယူလေးမျိုးပြားသကဲ့သို့ ဝေဒနာ၌၄င်း၊ သညာ၌၄င်း၊ သင်္ခါရတို့၌၄င်း၊ ဝိညာဏ်၌၄င်း လေးမျိုးစီ အသီးသီးယူနိုင်သောကြောင့် သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပေါ်ရလေသည်။

ထို့ပြင် ရုပ်သည် 'အတ္တ' ဖြစ်၏ဟု ရုပ်နှင့်အတ္တကို အတူတူယူထားသောကြောင့် ရုပ်သေလျှင် အတ္တပါသေ၏။ ထိုအခါ ဒီဘဝ ဒီရုပ်ခန္ဓာသေလျှင် 'ပြတ်တယ် စဲတယ်' ဟူသော ဉစ္ဆေဒဒိဋ္ဌိအယူဖြစ်ပေါ်လာသည်။

ရုပ်နှင့်အတ္တကို တစ်ခြားစီယူသောအခါ ရုပ်သေသော်လည်း အတ္တသည် မသေပဲ နောက်ဘဝ နောက်ခန္ဓာထဲသို့ဝင်ပြီး ဆက်လက်တည်မြဲနေသည်ဟု ယူသောကြောင့် 'ခိုင်တယ် မြဲတယ်' ဟူသော သဿတဒိဋ္ဌိအယူ ဖြစ်ပေါ်လာလေသည်။

## ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ

ဤအနက်သဘောကို မသိကြသောကြောင့် တိတ္ထိတို့သည် **(သတ္တဝါဟူသော အမှတ်သညာ)**ကို **'စွဲလမ်း'** ကြကုန်လျက် **သဿတဒိဋ္ဌိ** (တည်မြဲအယူ)၊ **ဉစ္ဆေဒဒိဋ္ဌိ** (ပြတ်စဲအယူ) ရှိကုန်သည်ဖြစ်၍ အချင်းချင်း ဆန့်ကျင်လျက် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ယူကြကုန်၏။

## ပရမအတ္တနှင့်ဇီဝအတ္တ

အဝိဇ္ဇာအစရှိသော အကြောင်းတို့မှတစ်ပါး မဟာဗြဟ္မာကြီး၊ ဖန်ဆင်းရှင်ကြီးဟူ၍ ဤသို့ကြံဆသော သံသရာကိုပြုတတ်သူ **(ပရမအတ္တ)** မှလည်းကင်း၏၊ ထို့ပြင် ငါ၏အတ္တသည် ပြောဆိုတတ်၏၊ ခံစားတတ်၏၊ သိတတ်၏ဟု ဤသို့ ကြံဆတတ်သော **(ဇီဝအတ္တ)**မှလည်း ကင်း၏။ ဤသို့လျှင် ဘဝစက်သည် **(ပြုသူ-ခံစားသူ)**မှလည်း ကင်းသည်ဟု သိအပ်၏။

## အဝိဇ္ဇာလည်း အတ္တမှဆိတ်သုဉ်းပုံ

အဝိဇ္ဇာသည် **'ဖြစ်ခြင်းပျက်ခြင်း'** ရှိသည့် သဘောကြောင့် **'ခိုင်မြဲ'**သည်အဖြစ်မှ ဆိတ်သုဉ်း၏။ **'အကြောင်းနှင့်စပ်သော ဖြစ်ခြင်း'** ရှိသောကြောင့် **'အလိုအတိုင်း'** ဖြစ်စေနိုင်သော **'အတ္တ'**အဖြစ်မှလည်း ဆိတ်သုဉ်း၏။ တနည်းကား **'အဝိဇ္ဇာသည် အတ္တမဟုတ်၊**

**အတ္တ၏ဥစ္စာလည်း မဟုတ်၊**
**အတ္တ၌ တည်သည်လည်း မဟုတ်၊**
**အတ္တရှိသည်လည်း မဟုတ်'**။

သင်္ခါရအစရှိသောအင်္ဂါတို့လည်း ထို့အတူပင်တည်း။ ထို့ကြောင့် ဤဘဝစက်သည် (၁၂)ပါးအပြားရှိသော (အတ္တ) ဆိတ်သုဉ်းခြင်းဖြင့် ဆိတ်သုဉ်း၏ဟု သိအပ်၏။

## 'ဒိဋ္ဌိဝိသုဒ္ဓိ' (ဝိသုဒ္ဓိမဂ်)

ရုပ်နှင့်နာမ်တို့ကို ဟုတ်တိုင်းမှန်စွာသိမြင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ သုတမယဉာဏ်ဖြင့် ရုပ်နာမ်တို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ကို သိပြီးသော ယောဂီသည် ဒိဋ္ဌိဝိသုဒ္ဓိကို ပွားများ အားထုတ်ရာ၏။

**ဒိဋ္ဌိဝိသုဒ္ဓိတရားကိုယ်** - ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောက်ျား မိန်းမဟူ၍မှတ်ထင်သော **(မိစ္ဆာဒိဋ္ဌိအမြင်)**ကို ပယ်ရှားလျက် **'လောကီ နာမ်ရုပ်'**တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောပညာသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

## 'ကိလေသာ (၁၀)ပါးနှင့်အနုသယ'

ကိလေသာ (၁၀)ပါး ရှိသော်လည်း **'ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ'**ဟူသော ကိလေသာ (၄)ပါးသည် အခြား အကုသိုလ် တရားများဖြစ်အောင် ဦးဆောင်နိုင်စွမ်းမရှိ၍ ခန္ဓာအစဉ်မှာ မကိန်းဝပ် သောကြောင့် အနုသယ မမည်ပေ။ ကျန်ကိလေသာ (၆)ပါးဖြစ်သော **'လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ'**တို့သည် ထက်မျက်၍ ရှေ့သွားခေါင်းဆောင် ကိလေသာများဖြစ်သောကြောင့် **'အနုသယ'** အမည်ကိုရ၏။ ကိလေသာတို့သည် (၆)ပါးဖြစ်သော်လည်း **'လောဘ ကိလေသာသည် ကာမရာဂါနုသယနှင့် ဘဝရာဂါနုသယ'**ဟူ၍ နှစ်မျိုးရသောကြောင့် အနုသယအားဖြင့် (၇)ပါး ဖြစ်လေသည်။

## **'ကိလေသာပယ်ပုံ'**

အကြင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ကိလေသာတို့ကို ပယ်၏။
**'အတိတ်'** ကိလေသာတို့ကို ပယ်သလော၊
**'အနာဂတ်'** ကိလေသာတို့ကို ပယ်သလော၊
**'ပစ္စုပ္ပန်'** ကိလေသာတို့ကို ပယ်သလော၊

အကယ်၍ အတိတ် ကိလေသာတို့ကို ပယ်ငြားအံ့၊ အတိတ်တရားတို့သည် ထိုမဂ်ခဏ၌ မရှိတော့ပြီ၊ ထို့ကြောင့် အတိတ် ကိလေသာတို့ကို ပယ်သည် မဟုတ်။

အကယ်၍ အနာဂတ် ကိလေသာတို့ကို ပယ်ငြားအံ့၊ အနာဂတ် ကိလေသာတို့သည် ထိုမဂ်ခဏ၌ မရှိကြသေး၊ ထို့ကြောင့် အနာဂတ် ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်။

အကယ်၍ ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်ငြားအံ့၊ ဖြစ်ပေါ်သော ကိလေသာ **(အကုသိုလ်)**နှင့် မဂ်ကိုပွားခြင်း **(ကုသိုလ်)**တရားတို့သည် **'ပြိုင်တူ'** ဖြစ်ပေါ်နေသကဲ့သို့ ဖြစ်ကုန်ရာ၏။ မဂ်ကိုပွားစေခြင်းသည် ညစ်ညူးကြောင်း ကိလေသာတို့နှင့် ရောနှော ယှဉ်တွဲသည် ဖြစ်ရာ၏။

ထို့ကြောင့် **'အတိတ်'** ကိလေသာကိုလည်း ပယ်သည်မဟုတ်၊ **'အနာဂတ်'** ကိလေသာကိုလည်း ပယ်သည်မဟုတ်၊ **'ပစ္စုပ္ပန်'** ကိလေသာကိုလည်းပယ်သည် မဟုတ်ပေ။ ဤသို့ဆိုလျှင် အဘယ်ကိလေသာကို ပယ်သနည်း။ **'ဘူမိလဒ္ဓ'** မည်သော ကိလေသာကို ပယ်ကုန်၏။

## **'ဘူမိလဒ္ဓုပ္ပန္န'**

**'ဘူမိလဒ္ဓ'** မည်သော ကိလေသာသည်ကား အတိတ်လော၊ အနာဂတ်လော၊ ပစ္စုပ္ပန်လောဟူမူ ထိုကိလေသာတို့သည် 'ဘူမိလဒ္ဓုပ္ပန္န' သာလျှင် မည်ကုန်၏။ ကိလေသာတို့သည် (ဖြစ်ပြီး ဖြစ်ဆဲ) မဟုတ်ငြား

သော်လည်း **(ဖြစ်ခွင့်)**ပြုအပ်သည်ရှိသော် ဧကန်စင်စစ် ဖြစ်တော့မည် ဖြစ်သောကြောင့်တည်း။ ထိုထို လူနတ်စသည်တို့၏ **'ခန္ဓာဟူသော ဖြစ်ရာဘုံ'**တို့၌ **(အရိယာမဂ်)**ဖြင့် အကြွင်းမဲ့ မပယ်နုတ်ရသေးသော အကုသိုလ်သည် **'ဘူမိလဒ္ဓုပ္ပန္န' (ဖြစ်ရာဘုံကိုရသော ဥပ္ပန္န)** မည်၏။

ဤ 'ဘူမိလဒ္ဓုပ္ပန္န' ဟူသောပုဒ်၌ ဖြစ်ရာဘုံနှင့် ဖြစ်ရာဘုံကိုရ သော ကိလေသာတို့၏ ထူးခြားသည်၏အဖြစ်ကို သိအပ်၏။ ဝိပဿနာ အာရုံဖြစ်သော **(ခန္ဓာငါးပါး)**တို့သည် **(ဘူမိ-ဖြစ်ရာဘုံ)** မည်၏။ ထိုခန္ဓာတို့၌ **(ဖြစ်ထိုက်သော ကိလေသာ)**အပေါင်းသည် **'ဘူမိလဒ္ဓ'** ဖြစ်ရာဘုံကိုရသော ကိလေသာမည်၏။ ထိုကိလေသာအပေါင်းသည် ထိုဖြစ်ရာဘုံကို ရအပ်သည် မည်၏။ ထို့ကြောင့် 'ဘူမိလဒ္ဓ'ဟု ဆိုအပ်၏။

ထိုဖြစ်ရာဘုံကို **(အာရုံ၏အစွမ်း)**ဖြင့် ရအပ်သည်မဟုတ်။ ဥပမာ သူတပါးက ကိလေသာဖြင့် အာရုံပြုသည့်အတွက် အာရုံပြုခံရသူမှာ ကိလေသာ၏ ဖြစ်ရာဘုံကိုရသည်ဟု မဆိုရပေ။ **'ရဟန္တာတို့၏ခန္ဓာ တို့ကိုလည်း အာရုံပြု၍ ကိလေသာ'**တို့သည် ဖြစ်ပေါ်ကုန်၏။ အရှင် မဟာကစ္စည်းမထေရ်၊ ဥပ္ပလဝဏ်ထေရီမ အစရှိသော ခန္ဓာတို့ကိုအာရုံ ပြု၍ သောရေယျသူဌေး၊ နန္ဒလုလင် စသောသူတို့အား ကိလေသာ တို့သည် ဖြစ်ကုန်သကဲ့သို့တည်း။

စင်စစ်သော်ကား **'ဘူမိလဒ္ဓ'** ကိလေသာကို **(ဝတ္ထု၏အစွမ်း)**အား ဖြင့် သိအပ်၏။ ထိုခန္ဓာတို့၌ **(ဝဋ်၏အရင်းအမြစ်)**ဖြစ်သော ကိလေသာ အပေါင်းသည် **(ကိန်း)**သည်မည်၏။ ထို **(ကိန်းသော ကိလေသာ)** အပေါင်းသည် **'မဂ်ဖြင့် မပယ်'**အပ်သေးသော အနက်သဘောကြောင့် **'ဘူမိလဒ္ဓ'** မည်၏ဟု သိအပ်၏။

အကြင်ခန္ဓာတို့၌ မဂ်ဖြင့် မပယ်အပ်သေးသော အနက်သဘောကြောင့်

ကိန်းသည်မည်သော ကိလေသာတို့သည် ရှိကုန်၏။ ထို**(ခန္ဓာတို့သည်သာ)**လျှင် ထိုကိန်းသော **(ကိလေသာတို့၏ ဖြစ်ရာဝတ္ထု)**တည်း။ အတိတ်ခန္ဓာတို့၌ ကိန်းသောကိလေသာတို့၏ ဖြစ်ရာဝတ္ထုသည် အတိတ်ခန္ဓာတို့သာလျှင်တည်း။ ထိုမှတပါး အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့ မဟုတ်ကြကုန်။

သောတာပန်စသော အကြင်အရိယာပုဂ္ဂိုလ်တို့၏ ခန္ဓာ၌ ဝဋ်၏အရင်းအမြစ်ဖြစ်သော ထိုထိုကိလေသာအပေါင်းကို ထိုထိုအရိယာမဂ်ဖြင့် ပယ်အပ်လေပြီ။ ထိုအရိယာတို့၏ခန္ဓာတို့သည် ပယ်အပ်ကုန်ပြီးသော **'ဝဋ်မြစ်ကိလေသာ'**တို့၏ ဖြစ်ရာဝတ္ထု မဟုတ်သောကြောင့် **(ဘူမိ-ဘုံ)**ဟူသော အမည်ကို မရကြကုန်။

## ခန္ဓာ-လောင်စာနှင့်ကိလေသာ-မီး

ပုထုဇဉ်မှာမူကား **'ဝဋ်မြစ်ကိလေသာ'**တို့ကို **(မဂ်)**ဖြင့် မပယ်ရသေးသောကြောင့် အမှုတစ်ခုကို ပြုသည်ရှိသော် **'ကုသိုလ်ကံ'**သော်၎င်း၊ **'အကုသိုလ်ကံ'**သော်၎င်း ဖြစ်၏။ ထိုသို့ **(ကံနှင့်ကိလေသာ)**ဟူသော အကြောင်းကြောင့် **(ဝိပါက)**ဝဋ်တရားသည် လည်လျက်ရှိ၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏ **(ဝဋ်မြစ်ကိလေသာ)**သည် သာမညအားဖြင့် **'ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်'** ဟူသော ခန္ဓာငါးပါးတို့၌ **(ကိန်း)**၏။

မိမိသန္တာန်၌ လေးပါးသောမဂ်ကို ပွားစေခြင်းငှာ အားထုတ်၏။ ထိုလေးပါးသော မဂ်တည်းဟူသောအတွေ့ဖြင့် ဝဋ်မြစ်ကိလေသာတို့ကို အချင်းခပ်သိမ်း ကုန်စေခြင်းကြောင့် ကြိယာအဖြစ်မျှသို့ ရောက်၏။ ကာယကံအစရှိသော အလုံးစုံသောကံအပြားရှိသည်ဖြစ်၍ နောင်တစ်ဖန် ဘဝသစ်ဖြစ်ပေါ်ခြင်းသဘော မရှိသည်၏အဖြစ်သို့ရောက်၏။ နောက်ဆုံး စုတိစိတ်ချုပ်ခြင်းဖြင့် **'လောင်စာမရှိသောမီး'**ကဲ့သို့ စွဲလမ်းမှု **(ဥပါဒါန် ကင်း)**သည်ဖြစ်၍ **'ငြိမ်းရုံမျှ ငြိမ်းအေး'** သွားတော့သည်။

## နာမရူပပရိစ္ဆေဒဉာဏ်
## (ရုပ်နာမ်ကိုပိုင်းခြားသိခြင်း)

လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ကိုသိလျှင် ရုပ်နာမ်ကို ပိုင်းခြားသိသော **'နာမရူပပရိစ္ဆေဒဉာဏ်'**ကိုရ၍ ပဒဋ္ဌာန်ကိုသိလျှင် အကြောင်းကို သိမ်းဆည်းသိသော **'ပစ္စယပရိဂ္ဂဟဉာဏ်'**ကိုရသည် မည်၏။ ယင်း ဉာဏ်နှစ်မျိုးကို ရသောအခါ **(စူဠသောတာပန်)**မည်၏။ ဤနေရာ၌ ဆိုလို သော နာမ်ရုပ်သိဆိုသည်မှာ သတိပဋ္ဌာန်ဒေသနာတော်အရ **'သတိသမ္ပဇည'**နှင့် ပြည့်စုံသော ပရိကမ္မ **(ခဏိက)**သမာဓိအဆင့်မှ ဝိပဿနာသို့ ကူးပြောင်းရှုမှတ်သော ယောဂီ၏**(နာမ်ရုပ်)**ကို **'အကြောင်း နှင့်တကွသိမှု'**ပင် ဖြစ်ပါသည်။

### လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်

- လက္ခဏာဟူသည် ရုပ်နာမ်နှင့်ပတ်သက်၍ မှတ်သားကြောင်း **'အမှတ်အသား'** ဖြစ်သည်။
- ရသဟူသည် ရုပ်နာမ်တို့၏ **'ပြုဖွယ်ကိစ္စ'** ဖြစ်သည်။
- ပစ္စုပဋ္ဌာန်ဟူသည် တရားအားထုတ်သူ၏ **'ဉာဏ်'**တွင် ထင်လာသော **'အခြင်းအရာ'** ဖြစ်သည်။
- ပဒဋ္ဌာန်ဟူသည် ရုပ်နာမ်တို့၏ **'နီးသောအကြောင်း'** ဖြစ်သည်။

### ရသမှ ပစ္စုပဋ္ဌာန်

ရသနှင့်ပစ္စုပဋ္ဌာန်တွင် ရုပ်နာမ်တို့၏ **'သီးခြား'**ဆိုင်ရာကိစ္စများ သည် **(ရသ)**ဖြစ်သည်။ ကိစ္စများစွာတို့သည် **'ဧကရသ ခေါ် တစ်ခုတည်း'** သောကိစ္စအဖြစ်သို့ ရောက်အောင် ပေါင်းစည်းကြသောအခါ ဧကရသ အနေဖြင့် ယောဂီ၏ **'ဉာဏ်'**တွင် ထင်လာခြင်းသည် **'ပစ္စုပဋ္ဌာန်'**မည်၏။

ပစ္စယပရိဂ္ဂဟဉာဏ်အတွက် အကြောင်းကိုသိမ်းဆည်းရာ၌

**(နီးသောအကြောင်း)**ကိုင်း **(ဝေးသောအကြောင်း)**ကိုင်း သိမ်းဆည်းရပါသည်။ အဘိဓမ္မာနည်းအရ ထင်ရှားစေရန် နီးသောအကြောင်း (ပဒဋ္ဌာန်)ကို ဖော်ပြခြင်းဖြစ်သည်။ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ **'မှန်ကန်'**သော **(ကြောင်းကျိုးဆက်)**ကိုသိလျှင် **'ပစ္စယပရိဂ္ဂဟဉာဏ်'**ကို ရသည် မည်ပါသည်။

ဆီလျော်သောအကြောင်းကိုရှုရာ၌ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းတို့အရ ဆင်ခြင်နိုင်လျှင် ကောင်းစွာ မြင်လွယ်သော်လည်း အဘိဓမ္မာသဘောကို မနိုင်လျှင် ဆင်ခြင်ရန် ခဲယဉ်းသောကြောင့် ရုပ်ခန္ဓာအတွက် **(ကံ၊ စိတ်၊ ဥတု၊ အာဟာရ)**ဟူသောအကြောင်း၊ နာမ်ခန္ဓာအတွက် **(အာရုံ၊ ဒွါရ၊ ယောနိသောမနသိကာရ)** စသော အကြောင်းများကို ဆင်ခြင်ကုန်ရာ၏။

## တဇ္ဇာပညတ်

ပရမတ်သဘောကို သိစေတတ်သောကြောင့် တဇ္ဇာပညတ်မည်၏။ ခက်မာသည်၊ ကြမ်းတမ်းသည်၊ တွေ့သည်၊ ကြားသည်၊ သွားသည်တို့ သည်ငှင်း၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ကာယဝိညာဏ်၊ သောတဝိညာဏ် စသည်တို့သည်ငှင်း တဇ္ဇာပညတ်ချည်းသာတည်း။

ပညတ်အမည်တို့ဖြင့် နှလုံးသွင်းငြားသော်လည်း **(ဘာဝနာတိုးပွား)**ရင့်သန်လတ်သော် **(အမည်ပညတ်ကို ပယ်စွန့်)**လွန်မြောက်၍ နှလုံးသွင်းသော စိတ်သည် **(ပရမတ်သဘော)**၌သာလျှင် တည်လေ၏။

ထို့ကြောင့် **(သဘာဝလက္ခဏာ)**ဟူသည် ရုပ်နာမ်ပရမတ်တရားတို့၏ ပင်းရင်းသဘောပင်တည်း။ ရသဟူသည် ရုပ်နာမ်တို့၏ အစွမ်းသတ္တိ-ကိစ္စပေတည်း။ ပစ္စုပဋ္ဌာန်ဟူသည် ရှုမှတ်သူ၏-ဉာဏ်၌ ရုပ်နာမ်

တို့၏ သူ့သဘောအတိုင်း ထင်ရှားလာသော အခြင်းအရာပေတည်း။

ထိုရုပ်နာမ်တို့ကိုသိလျှင်လည်း **'လက္ခဏာ၊ ကိစ္စစသည်တို့၏ အလို အားဖြင့်သာ သိခြင်း'** ဖြစ်၏။ အကယ်၍ ထိုကဲ့သို့ မသိငြားအံ့ **(အမည် ပညတ်၊ ပုံသဏ္ဌာန်ပညတ်၊)** အမူအရာပညတ်၊ ဂဏာန်းသင်္ချာပညတ် စသည်တို့ဖြင့်သာ သိခြင်းဖြစ်သည်။

ဘာဝနာအစွမ်းကြောင့် **'သဘာဝလက္ခဏာ'**အားဖြင့်၎င်း၊ **'ကိစ္စ'** အားဖြင့်၎င်း **(သတိဖြင့်)** နှလုံးသွင်းနိုင်လျှင် **သမူဟဃန (အပေါင်းအစု)** ကို ဖြိုခွဲနိုင်၍ ရုပ်နာမ်တရားတို့သည် **'ဉာဏ်'**တွင် ရှေးရှု ထင်ရှားလာမည်။

ထို့နောက် ဘာဝနာအစွမ်း အားကောင်းလာသောအခါ ရှေး အစဉ် နောက်အစဉ်ဖြစ်သော ရုပ်နာမ် **(သန္တတိဃန)**ကို ပိုင်းဖြတ် ဖျက်ဆီး နိုင်၍ အနိစ္စစသော **(သာမညလက္ခဏာ)**တို့သည် သူ့သဘောအတိုင်း ထင်ရှားလာပေမည်။ **(အာရုံပိုင်း)**တွင် သမူဟဃနကို၎င်း၊ ကိစ္စဃန ကို၎င်း၊ သန္တတိဃနကို၎င်း ဖြိုခွဲပြီးနောက်၌**(အာရမ္မဏိကပိုင်း)**တွင် အာရမ္မဏဃနကို ဖြိုခွဲရခြင်း ဖြစ်လေသည်။

## လက္ခဏာနှင့်ပရမတ်

မှတ်သိကြောင်း အမှတ်အသားကို လက္ခဏာဟုခေါ်၏။ ထိုလက္ခ ဏာရှိသောတရားသည် လက္ခဏဝန္တဖြစ်၍ ပရမတ်မည်၏။ ပူခြင်း- အေးခြင်းသဘောသည် မှတ်သိကြောင်း လက္ခဏာဖြစ်၍ ထို **'လက္ခဏာ ကိုဆောင်ထားသောတရားသည် တေဇော'** ဖြစ်၏။ ထို့အတူ မာခြင်း- ပျော့ခြင်းသဘောသည် လက္ခဏာဖြစ်၍ ထိုလက္ခဏာရှိသောတရားသည် ပထဝီ ဖြစ်၏။ **'တေဇောကို တေဇောဟုသိအောင်'** ညွှန်ပြသော အမှတ် အသား၊ **'ပထဝီကို ပထဝီဟုသိအောင်'** ညွှန်ပြသောအမှတ်အသားသည် **'လက္ခဏာ'** မည်၏။

ရုပ်နာမ်ပရမတ်တရား အသီးသီးတို့သည် မိမိတို့၏ သက်ဆိုင်ရာ လက္ခဏာတို့ကို ဆောင်ထားတတ်သောကြောင့် **(လက္ခဏာဝန္တ)**တရားများ **(လက္ခဏာရှိသော ပရမတ်တရားများ)**ဖြစ်ကြသည်။ **'လက္ခဏာ'**ဟူသည် **'ပညတ်'**ဖြစ်သောကြောင့် ပရမတ်မဟုတ်ပါ။

ထို့ကြောင့် လက္ခဏာသည်လည်း ရုပ်နာမ်ပရမတ်မဟုတ်သလို ရုပ်နာမ်ပရမတ်သည်လည်း လက္ခဏာ မဟုတ်ပါ။ သို့သော် လက္ခဏာသည် ပရမတ်နှင့်လည်း ကင်း၍မဖြစ်နိုင်ပါ။ **'လက္ခဏာ'** ဖြင့်သာလျှင် ပင် ပရမတ်တို့ကို **(ဉာဏ်)**ဖြင့် သိမြင်နိုင်လေသည်။

## 'သတ္တသညာ ဇီဝသညာ'

ဤသို့ ပွားများဆင်ခြင်ပါက နွားဟူသောသညာပျောက်၍ အမဲဟူသော သညာရောက်သကဲ့သို့ ကြိယာပုတ်လေးပါးတို့၌ (သတ္တသညာ ဇီဝသညာ)တို့ကို ဖယ်ခွါ၍ **'ဓာတ်'**အစုဟုသာ **(ဉာဏ်)**၌ ရှေးရှုထင်၏။

ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ အရိုး-အကြော-အသား-အရေဟူသော လေးမျိုးသော ကောဋ္ဌာသအစုသာတည်းဟု ကောဋ္ဌာသလေးခုကို အပေါင်းအစုမရှိပဲ အဖန်တလဲလဲ ခွဲစိတ်ဝေဘန် ဉာဏ်ဖြင့်ခွဲထု အာရုံပြုပြီးလျှင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောစသည်ဖြင့် ပွားများ သိမ်းဆည်းအပ်၏။ အဖန်ဖန်ပွားများအပ်သည်ရှိသော် (သတ္တသညာ-ဇီဝသညာ) ကင်းပြတ်၍ ဓာတ်လေးပါးအစုသာ **(ဉာဏ်)**၌ ထင်၏။ ဤကား တိက္ခပညပုဂ္ဂိုလ်တို့ ပွားရာသောနည်းတည်း။

## 'နာမ်နှင့်ရုပ်'

ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏။ နာမ်သည် အာရုံသို့ ညွတ်တတ်သော လက္ခဏာရှိ၏။ အာရုံဆီသို့ ရှေးရှုညွတ်တတ်သည်၏ အဖြစ်ကြောင့် နာမ်မည်၏။ ဤကား

ရုပ်၊ ဤကားနာမ်ဟု နှစ်စုခွဲ၍ အဖန်ဖန် ဝေဖန် ပိုင်းခြားမှတ်သားရ၏။

**'ဓာတ်လေးပါးမှစ၍ရှုနည်း'**

ရုပ်မှစ၍သိမ်းဆည်းပုံကား အကျဉ်းအားဖြင့်၄င်း အကျယ်အားဖြင့်၄င်း ဓာတ်လေးပါးကို သိမ်းဆည်းရ၏။ ဓာတ်လေးပါးတို့သည် ထိုယောဂီအား မှန်ကန်သော မိမိ၏သဘောလက္ခဏာဖြင့် ထင်ပေါ်ကုန်၏။

ရုပ်ဟူသည် အပူအအေးစသော ဆန့်ကျင်ဘက်တရားတို့ကြောင့် ရှေးရုပ်အစဉ်နှင့်မတူသည့် နောက်ရုပ်အစဉ်၏ ထင်ထင်ရှားရှား ဖောက်ပြန်ပြောင်းလဲခြင်းဟူသော လက္ခဏာရှိ၏။ ဖောက်ပြန်ပြောင်းလဲတတ်သော အခြင်းအရာသည် ရုပ်၏ကိစ္စဖြစ်၏။ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောကို ရုပ်ဟု မှတ်အပ်၏။

**မဟာဘုတ်**

မဟာဘုတ်ဟုခေါ်သော အခြေခံ ဓာတ်ကြီးလေးပါးရှိ၏။ အလုံးစုံသောဓာတ်လေးပါးတို့သည်ပင် **'ဓာတု၏လက္ခဏာ'**ကို မလွန်ကြသောကြောင့် **'ဓာတ်'**မည်ကုန်၏။ မိမိ၏သဘောလက္ခဏာကို ဆောင်ခြင်းကြောင့်၎င်း၊ ရုပ်နာမ်ဟူသော မိမိ၏**'ခဏ'**အားလျော်စွာတည်ခြင်းကြောင့်၎င်း **'ဓမ္မ'**မည်ကုန်၏။ ကုန်ခြင်းသဘောကြောင့် **'အနိစ္စ'**မည်ကုန်၏။ ကြောက်ဖွယ် အနက်သဘောကြောင့် **'ဒုက္ခ'**မည်ကုန်၏။ **(အတ္တကောင်ဟူသော အနှစ်)**မရှိသည့် သဘောကြောင့် **'အနတ္တ'**မည်ကုန်၏။

**ပထဝီဓာတ်သည် တည်ရာ**

ပထဝီသည် မာခြင်းပျော့ခြင်း လက္ခဏာရှိ၏၊ ယင်းလက္ခဏာရှိသောသဘောကို ပထဝီဟု သိမှတ်အပ်၏။ ပထဝီဓာတ်သည် အာပေါဓာတ်က ပေါင်းစုပေးခြင်း၊ တေဇောဓာတ်က စောင့်ရှောက်ခြင်း၊ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကိုရသည်ဖြစ်၍ သုံးပါးကုန်သော (ထို)

မဟာဘုတ်တို့အား **'တည်ရာ'** ဖြစ်လျက် ကျေးဇူးပြု၏။

## အာပေါဓာတ်သည် ဖွဲ့စည်း

အာပေါသည် ဖွဲ့စည်းခြင်း ယိုစီးခြင်း လက္ခဏာရှိ၏၊ ယင်းလက္ခဏာရှိသော သဘောကို အာပေါဟု မှတ်အပ်၏။ အာပေါဓာတ်သည် ပထဝီဓာတ်၌တည်၍ တေဇောဓာတ်က စောင့်ရှောက်ခြင်း၊ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော (ထို) မဟာဘုတ်တို့အား **'ဖွဲ့စည်းပေါင်းစု'**လျက် ကျေးဇူးပြု၏။

## တေဇောဓာတ်သည် ပူနွေး

တေဇောသည် ပူခြင်း အေးခြင်း လက္ခဏာ ရှိ၏၊ ယင်းလက္ခဏာရှိသောသဘောကို တေဇောဟု မှတ်အပ်၏။ တေဇောဓာတ်သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်က ပေါင်းစုပေးခြင်း ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော (ထို)မဟာဘုတ်တို့အား **'ပူနွေး-ရင့်ကျက်'**စေလျက် ကျေးဇူးပြု၏။

## ဝါယောဓာတ်သည် ထောက်ကန်

ဝါယောသည် ထောက်ကန်ခြင်း တွန်းတိုးခြင်း လက္ခဏာရှိ၏၊ ယင်းလက္ခဏာရှိသောသဘောကို ဝါယောဟု မှတ်အပ်၏။ ဝါယောဓာတ်သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်က ပေါင်းစုပေးခြင်း၊ တေဇောဓာတ်က ရင့်ကျက်စေခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော (ထို)မဟာဘုတ်တို့အား **'ထောက်ကန်'**လျက် ကျေးဇူးပြု၏။ ဤသို့ ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်းအားဖြင့် နှလုံးသွင်းအပ်၏။

## ဥပါဒါရုပ်

ဓာတ်လေးပါးကို သိမ်းဆည်းပြီးသောအခါ ထိုဓာတ်လေးပါး မဟာဘုတ်၌ မှီနေသော အဆင်း (ဝဏ္ဏ)၊ အနံ့ (ဂန္ဓ)၊ အရသာ (ရသ)၊ အဆီ

(သြဇာ) စသည်တို့သည် ဥပါဒါရုပ်တည်း။ ထိုသို့သိမ်းဆည်းသော ယောဂီအား မှန်ကန်သော မိမိ၏သဘောလက္ခဏာဖြင့် ရုပ်တရားတို့သည် ထင်ပေါ်ကုန်၏။

## ဆံပင်၌ရုပ် (၄၄)မျိုး

**'ကံ'**ကြောင့်ဖြစ်သော ဆံပင်၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ဇီဝိတ၊ **'ကာယပသာဒ'**ဟူသော ရုပ်(၁၀)ခုအပေါင်း၊ **'ဘာဝရုပ်'**နှင့်တကွ ရုပ်(၁၀)ခုအပေါင်း၊ **'အာဟာရ'**ကြောင့်ဖြစ်သော သြဇဋ္ဌမက (ခေါ်) အဋ္ဌကလာပ်ရုပ်(၈)ခုအပေါင်း၊ **'ဥတု'**ကြောင့်ဖြစ်သော သြဇဋ္ဌမက ရုပ်(၈)ခုအပေါင်း၊ **'စိတ်'**ကြောင့်ဖြစ်သော သြဇဋ္ဌမက ရုပ်(၈)ခုအပေါင်း စသည့် (၄၄)ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏။

## ဓာတ်တစ်ခုကိုမှန်စွာသိလျှင်

ဆံပင်၌ ပထဝီဓာတ် ဖောဋ္ဌဗ္ဗရုပ်ကို ရှုမိ၍ ထိုပထဝီဓာတ်တစ်ခုကို မှန်စွာသိလျှင် တစ်ပေါင်းတည်းဖြစ်သော ထိုဆံပင်ဖြစ်သောရုပ် (၄၄)လုံး၌လည်း **ပုဂ္ဂိုလ်သတ္တဝါဟု စွဲလမ်းမည့် (ကိလေသာဖြစ်ခွင့်) မရှိပြီ။** ဤသို့ ကိလေသာမဖြစ်ဘဲ ငြိမ်းသောကြောင့် ရှုခြင်းကိစ္စလည်း ပြီးပေသည်။

## "နာမ်ကိုသိမ်းဆည်းပုံ"

ရုပ်ကိုသိမ်းဆည်းပြီးသော ယောဂီအား ဒွါရ၏အစွမ်းဖြင့် နာမ်တရားတို့သည် ထင်ရှားကုန်၏။ ထင်ရှားပုံကား **'ဒွေးပဉ္စဝိညာဏ် (၁၀)ပါး၊ မနောဓာတ် (၃)ပါး၊ မနောဝိညာဏ်ဓာတ် (၆၈)ပါး'**ဟူသော (၈၁)ပါးသော လောကီစိတ်တို့သည်၎င်း၊ ထိုစိတ်တို့နှင့်တကွဖြစ်သော ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဇီဝိတ၊ ဧကဂ္ဂတာ၊ မနသိကာရဟူသော ဤ (၇)ပါးစီသော စေတသိက်တို့သည်၎င်း ထင်ရှားကုန်၏။ ထိုနာမ်တရားတို့ကို

လည်း အာရုံဆီသို့ ညွတ်ခြင်းသဘောလက္ခဏာအားဖြင့် တစ်ပေါင်းတည်း ပြု၍ **'ဤတရားတို့သည် နာမ်တည်း'**ဟု ရှုအပ်၏။

**'နာမ်တရားထင်ရှားအောင်ရှုနည်း'**

နာမ်သည် သိမ်မွေ့သောကြောင့် မထင်ပေါ်ဘဲ ရှိငြားအံ့၊ ထိုယောဂီသည် ရုပ်ကိုသာလျှင် အဖန်ဖန် သုံးသပ်အပ်၏။ ပိုင်းခြားအပ်၏။ ထိုအခါ ရုပ်ကိုအာရုံပြုသော နာမ်တရားတို့သည် အလိုလိုပင် ထင်ရှားပေါ်လာကုန်၏။ ရုပ်ကို သိမ်းဆည်းမှု စင်ကြယ်ပြီးသော ယောဂီအား နာမ်တရားတို့သည် ဖဿ၏အစွမ်းဖြင့်သော်၎င်း၊ ဝေဒနာ၏အစွမ်းဖြင့်သော်၎င်း၊ ဝိညာဏ်၏အစွမ်းဖြင့်သော်၎င်း၊ တစ်ပါးပါးသော အခြင်းအရာဖြင့် ထင်ပေါ်ကုန်၏။

**ဖဿ၏အစွမ်း** - ခက်မာသောသဘောသည် ပထဝီဓာတ်တည်း။ ဤသို့သောနည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်းလတ်သော် ပထဝီစသော အာရုံသို့ ရှေးဦးစွာ ကျရောက်တတ်သော ဖဿ (တွေ့ထိမှု)သည် ထင်ပေါ်၏။ ဖဿထင်လျှင် ထိုဖဿနှင့်ယှဉ်သော ဝေဒနာသည်၎င်း၊ သညာသည်၎င်း၊ စေတနာသည်၎င်း၊ ဝိညာဏ်သည်၎င်း ထင်ပေါ်လာကုန်၏။

**ဝေဒနာ၏အစွမ်း** - ခက်မာခြင်းလက္ခဏာရှိသော ပထဝီဓာတ်ကို သိမ်းဆည်းလတ်သော် ပထဝီစသော အာရုံ၏အရသာကို ခံစားတတ်သော ဝေဒနာသည် ထင်ပေါ်၏။ ထိုဝေဒနာနှင့် ယှဉ်သောသညာသည်၎င်း၊ ဖဿသည်၎င်း၊ စေတနာသည်သည်၎င်း၊ ဝိညာဏ်သည်၎င်း ထင်ပေါ်၏။

**ဝိညာဏ်၏အစွမ်း** - ခက်မာခြင်းလက္ခဏာရှိသော ပထဝီဓာတ်ကို သိမ်းဆည်းလတ်သော် ပထဝီစသော အာရုံကိုသိတတ်သော ဝိညာဏက္ခန္ဓာသည် ထင်ပေါ်၏။ ထိုဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည်၎င်း၊ သညာသည်၎င်း၊ ဖဿသည်၎င်း၊ စေတနာသည်၎င်း ထင်ပေါ်ကုန်၏။

ထွက်သက်ဝင်သက်၌ ပထဝီဓာတ်သည် ခက်မာခြင်းလက္ခဏာ ရှိ၏ဟုသိမ်းဆည်းလတ်သော် ပထဝီစသောအာရုံကို သိတတ်သော ဝိညာဏ်သည် ထင်ပေါ်၏။ ထိုဝိညာဏ်နှင့်ယှဉ်သော ဝေဒနာ၊ သညာ၊ ဖဿ၊ စေတနာစသည့် နာမ်တရားတို့သည် ဝိညာဏ်၏အစွမ်းအားဖြင့် ထင်ပေါ်လာကုန်၏။

## သုတ္တန်နည်းဖြင့် ရုပ်နာမ်ကိုဆင်ခြင်ပုံ

ဘဝအဆက်ဆက် အနမတဂ္ဂမှ ကိန်းလာခဲ့သော မိစ္ဆာဘိဝေသန ကို မဆိုထားဘိ၊ လောကသမုတိပညတ် သတ္တပုဂ္ဂလ သညာပင်သော် လည်း လွန်စွာ ချုပ်သည်ထက် ချုပ်ခြင်း၊ အသမ္မောဟဘုံ၌ စိတ်ကိုတည် စေခြင်းအကျိုးငှာ သုတ္တန်တို့နှင့် ပိုင်းခြားဆင်ခြင် သုံးသပ်အပ်၏။

ဥပမာအားဖြင့် ဝင်ရိုး၊ ဘီး၊ ရထားအိမ်စသော အစိတ်အပိုင်းတို့ တစ်ပေါင်းတည်းဖြစ်သောအခါ ရထားဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။ စစ်မှန်သော အနက်သဘောအားဖြင့်မူကား ရထားမည်သည် မရှိ။

ထို့အတူ သစ်သားအစရှိသော အပေါင်းတို့ဖြင့် ဟင်းလင်းပြင် အရပ်ကို ကာရံတည်ဆောက်လတ်သော် အိမ်ဟူသော အမည်ဝေါဟာ ရမျှသည် ဖြစ်၏။ စစ်မှန်သော အနက်သဘောအားဖြင့် အိမ်ဟူသည် မရှိ။

ဤအတူပင် ဥပါဒါနက္ခန္ဓာတို့ရှိလျှင် သတ္တဝါ၊ ပုဂ္ဂိုလ်ဟူသော အမည်ဝေါဟာရသည် ဖြစ်၏။ စစ်မှန်သော အနက်သဘောအားဖြင့် မူကား 'ငါ' ဖြစ်သည်ဟူ၍၄င်း၊ 'ငါ'ဟူ၍၄င်း **'စွဲလမ်းခြင်း (ဂါဟ)၏ တည်ရာဖြစ်သော သတ္တဝါမည်သည် မရှိ'**။ နာမ်နှင့်ရုပ်သာလျှင် ရှိ၏။ ဤသို့သောအမြင်သည် ဟုတ်တိုင်းမှန်စွာ မြင်သော ဉာဏ်အမြင်တည်း။

## ပဋိစ္စသမုပ္ပါဒ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်

ပဋိစ္စသမုပ္ပါဒ်ဟူသည် ပစ္စယပရိဂ္ဂဟဉာဏ်ကို ဟောပြသောဒေသနာတော်ဖြစ်သည်။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပြည့်စုံသောသူသည် ပဋိစ္စသမုပ္ပါဒ်ကိုသိမြင်ပါက ရုပ်နာမ်မှတစ်ပါး အတ္တကောင်မရှိ။ အကြောင်းတရားတို့အဆက်မပြတ်ဖြစ်ခြင်းကြောင့် အကျိုးတရားတို့အဆက်မပြတ်ဖြစ်ခြင်း (ပစ္စယာကာရ)ကို သိမြင်သောသူအား (ဉစ္ဆေဒဒိဋ္ဌိ) ကင်းပျောက်၏။

အကြောင်းတရားတို့ ချုပ်ခြင်းကြောင့် အကျိုးတရားတို့ ချုပ်ပျောက်ခြင်း (ပဋိလောမ ပစ္စယာကာရ)ကို သိမြင်သောသူအား (သဿတဒိဋ္ဌိ) ကင်းပျောက်၏။ ထိုသို့ အစွန်းနှစ်ပါးတို့မှ မကပ်ရောက်မူ၍ မဇ္ဈိမပဋိပဒါအကျင့်ဖြစ်သော 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ' အစရှိသည့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူခြင်းဖြစ်သည်။

### ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်

၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ - မသိမှု-အဝိဇ္ဇာဟူသော အကြောင်းကြောင့် ပြုပြင်အားထုတ်မှု-သင်္ခါရတို့ဖြစ်၏။

၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ - သင်္ခါရဟူသောအကြောင်းကြောင့် ဘဝသစ်ဝိညာဏ် ဖြစ်၏။

၃။ ဝိညာဏ ပစ္စယာ နာမရူပံ - ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏။

၄။ နာမရူပ ပစ္စယာ သဠာယတနံ - နာမ်ရုပ်ဟူသော အကြောင်းကြောင့် အာယတန (၆)ပါး ဖြစ်၏။

၅။ သဠာယတန ပစ္စယာ ဖဿော - အာယတနဟူသောအကြောင်းကြောင့် အာရုံကို တွေ့ထိမှု ဖဿဖြစ်၏။

၆။ ဖဿ ပစ္စယာ ဝေဒနာ - ဖဿဟူသော အကြောင်းကြောင့် အကောင်း အဆိုး ခံစားမှု ဝေဒနာဖြစ်၏။

၇။ ဝေဒနာ ပစ္စယာ တဏှာ - ဝေဒနာဟူသောအကြောင်းကြောင့် တပ်မက်မှု တဏှာဖြစ်၏။

၈။ တဏှာပစ္စယာ ဥပါဒါနံ -တဏှာဟူသော အကြောင်းကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။

၉။ ဥပါဒါန ပစ္စယာ ဘဝေါ - ဥပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်ကြောင်း ကမ္မဘဝ ဖြစ်၏။

၁၀။ ဘဝ ပစ္စယာ ဇာတိ - ကံဟူသောအကြောင်းကြောင့် ဘဝအသစ် ဖြစ်မှု ဇာတိ ဖြစ်၏။

၁၁-၁၂။ ဇာတိ ပစ္စယာ ဇရာမရဏ - ဇာတိဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း-ဇရာ မရဏဖြစ်၏။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်ခြင်းတို့ ဖြစ်ကုန်၏။

## 'ပဋိစ္စသမုပ္ပါဒ်နှင့်နည်း (၄)နည်း'

**'ဣမသ္မိံ သတိ ဣဒံ ဟောတိ၊**

**ဣမသ္မိံ အသတိ ဣဒံ နဟောတိ'**

ဤအကြောင်းရှိလျှင် ဤအကျိုးဖြစ်၏၊ ဤအကြောင်းမရှိလျှင် ဤအကျိုးမဖြစ်ဟူသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ အခြေခံဖြစ်သည်။

အကြောင်းတရားတို့ ပြည့်စုံညီညွတ်ပါက အကျိုးတရားတို့သည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ်၏။ အကြောင်းတရားတို့ ကျေးဇူးမပြုခင်ကလည်း ထိုအကျိုးတရားသည် ကြိုတင်၍ ဖြစ်ပေါ်မနေသလို အကြောင်းကင်းသည်နှင့်လည်း လုံးဝ ချုပ်ပျောက်၏။ အကြောင်းတရားသည် အကျိုးတရားကို ကိုယ်ဝန်ဆောင်ထားခြင်း မရှိ

သလို အကျိုးတရားသည်လည်း အကြောင်းတရားကိုယ်ဝန်မှ မွေးဖွား လာခြင်းမဟုတ်။ အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် အကျိုး တရားတို့သည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ် လာခြင်း ဖြစ်သည်။

ထိုအတူ အာရုံနှင့်ဒွါရထိခိုက်မှုကြောင့် အသစ်ဖြစ်ပေါ်လာသော ဝိညာဏ်သည် **'အာဂန္တုခေတ်'**သက်သက်ဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာ-အနှစ်သာရအားဖြင့် စွဲယူရနိုင်လောက်သော **'အမာခံ'**သဘောမျိုး လုံးဝမရှိ။ ယင်းကဲ့သို့ အကြောင်းတိုက်ဆိုင်တိုင်း အကျိုးတရားတို့ အသစ်ဖြစ်ပေါ်လာပုံကို သိမြင်ခြင်းသည် အကြောင်းအကျိုး ဆက်နွယ်မှုကို ပဋိစ္စသမုပ္ပါဒ်သဘောအားဖြင့် သိမြင်ခြင်းဖြစ်သည်။ ထိုသို့ ဆက်နွယ်မှုကို အောက်ပါ (အတ္ထနယ)နည်း (၄)နည်းဖြင့် သိမြင်နိုင်၏။

**၁။ ဧကတ္တနည်း** - အတိတ်အကြောင်းတရားနှင့် ပစ္စုပ္ပန်အကျိုးတရား၊ ပစ္စုပ္ပန်အကြောင်းတရားနှင့် အနာဂတ်အကျိုးတရားတို့သည် ကြောင်းကျိုး ဆက်နွယ်လျှက် တစ်ဆက်တစ်စပ်တည်း စဉ်ဆက်မပြတ် ဖြစ်ပေါ်နေ၏။ ထို့ကြောင့် ပန်းသီထားသကဲ့သို့ ရုပ်နာမ်အစဉ်၌ မပြတ်စဲမှုကို ထိုးထွင်း သိမြင်သဖြင့် ဘဝသည် **'ပုခက်နှင့်ခေါင်းအကြား'**မှာသာရှိ၍ သေလျှင် ပြတ်၏ဟု စွဲယူထားသော **(ဥစ္ဆေဒဒိဋ္ဌိ)** အယူမှားကို ပယ်စွန့်နိုင်လေသည်။

**၂။ နာနတ္တနည်း** - အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဆက်နွယ်မှုရှိကြသော်လည်း ရုပ်နာမ်တို့၏ သဘာဝလက္ခဏာတို့သည် မတူညီကြပါ။ ထို့ကြောင့် အကြောင်းရုပ်နာမ်တို့ချုပ်ပြီး အကျိုးရုပ်နာမ်တို့ **'အသစ်အသစ်'** ဖြစ်သည်ကို သိမြင်ခြင်းဖြင့် အတ္တသည် မြဲ၏ဟူ၍ စွဲယူ တတ်သော **(သဿတဒိဋ္ဌိ)** အယူမှားကြီးကို ပယ်စွန့်နိုင်လေသည်။

**၃။ အဗျာပါရနည်း** - အကြောင်းတရားသည် အကျိုးတရား ဖြစ်ပေါ်

လာအောင် အားထုတ်သည့် ဗျာပါရမရှိသလို အကျိုးတရားသည်လည်း အကြောင်းတရားရှိပါက ဖြစ်ပေါ်လိုက်မည်ဟု အားထုတ်သည့် ဗျာပါရမျိုး မရှိပါ။ အကြောင်းတရား **'ထင်ရှား'**ဖြစ်ပေါ်သည်နှင့် အကျိုးတရားသည် သူ့သဘောသူဆောင်ကာ မရှိရာမှ **'အသစ်'** ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။

ဥပမာ သွားချင်သောစိတ်သည် အကြောင်းတရားအားဖြင့် ထင်ရှားဖြစ်ပေါ်သည်နှင့် သွားသည့်ရုပ်သည် အကျိုးတရားအဖြစ် သူ့ သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာသည်ကို မြင်သဖြင့် **'သွားသူ၊ ပြုတတ်သူ'** ဟူသော **'အတ္တဒိဋ္ဌိ'** အယူကို ပယ်စွန့်နိုင်လေသည်။

**၄။ ဧဝံဓမ္မတာနည်း** - အကြောင်းအားလျော်စွာ အကျိုးဖြစ် သည်ကို သိမြင်ခြင်းကြောင့် **'အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ'**စသည် အကြောင်းပယ်သော ဒိဋ္ဌိအယူတို့ကို ပယ်စွန့်နိုင်လေသည်။

ဤသို့ဘဝစက်ကို မဖောက်ခွဲမူ၍ သံသရာဘေးကို ကျော်လွန် နိုင်သောသူသည် အိမ်မက်၌သော်၄င်း တစ်စုံတစ်ယောက်မျှမရှိ။ ထို့ကြောင့် မြတ်စွာဘုရားသည် - "အာနန္ဒာ ဤပဋိစ္စသမုပ္ပါဒ်သည် **'နက် လည်းနက်၏၊'** နက်ယောင်လည်းထင်၏၊ ဤပဋိစ္စသမုပ္ပါဒ်ကိုပင် **'လျော် စွာမသိခြင်း ထိုးထွင်းမသိခြင်း'**ကြောင့် သတ္တဝါအပေါင်းတို့သည် ချည်ခင်ရှုပ်သကဲ့သို့ဖြစ်လျက် ကြီးပွားခြင်းကင်းရာဖြစ်သော အပါယ် (၄)ဘုံကို၄င်း၊ သံသရာကို၄င်း မကျော်လွန်ဘဲ ရှိချေသည်" ဟူသော ဤစကားကို ဟောတော်မူ၏။

ဤသာသနာတော်၌ ပညာရှိသည် ကြွင်းသော အခြားကိစ္စတို့ကို ပယ်၍ နက်နဲသော ကျေးဇူးပြုပုံအပြားကိုဟောသော **'ပဋိစ္စသမုပ္ပါဒ်'** ၌ ထောက်ရာ တည်ရာရအောင် အခါခပ်သိမ်း အမှတ်ရသော **'သတိ'** ရှိသည်ဖြစ်၍ အားထုတ်ရာသတည်း။

## မဇ္ဈိမပဋိပဒါနှင့်ဝိဘဇ္ဇဝါဒ

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို **'အကြောင်းအကျိုး'**ဆက်နွယ်မှု အရ အကြောင်းအုပ်စု - **'အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ'** နှင့် အကျိုးအုပ်စု - **'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ'**- ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ မရဏဟူ၍ ဖေါ်ပြနိုင်ပါသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် **'သဿတ'**နှင့် **'ဥစ္ဆေဒ'**တည်းဟူသော အစွန်းနှစ်ဖက်မှ လွတ်မြောက်သော **'မဇ္ဈိမပဋိပဒါ'**ဖြစ်သည်။ ယင်းကို **(ဝိဘဇ္ဇဝါဒ)**ဟုလည်း ခေါ်သည်။ ပညာရှင်တို့သည် ပဋိစ္စသမုပ္ပါဒ်ကို ရှုထောင့်သုံးမျိုးမှ ချဉ်းကပ်ကြပါသည်။

၁။ အနုမာနရှုထောင့် **(လောက)**

၂။ ပစ္စက္ခရှုထောင့် **(ဝိပဿနာ)**

၃။ သစ္စိကရဏရှုထောင့် **(လောကုတ္တရာ)**

### 'အနုမာနရှုထောင့်'

လောကဘဝစက်သည် **(ကြောင်းကျိုးဆက်)**သဘောအရ -

အကြောင်းရှိမှ အကျိုးဖြစ်၏၊ အကြောင်းမရှိလျှင် အကျိုးမဖြစ်။

ထို့ကြောင့် မမြဲခြင်း **(အနိစ္စ)**သဘောကိုလည်းပြ၏၊ ဆင်းရဲခြင်း **(ဒုက္ခ)**သဘောကိုလည်းပြ၏၊ အသက်ကောင် အတ္တကောင်ဟူသော အနှစ်သာရမရှိသည့် **(အနတ္တ)**သဘောကိုလည်း ပြ၏။

ပဋိစ္စသမုပ္ပါဒ်သည် သဿတ (တည်မြဲအယူ)နှင့် ဥစ္ဆေဒ (ပြတ်စဲအယူ)ဟူသော အစွန်းနှစ်ဖက်မှလွတ်သည့် မဇ္ဈိမပဋိပဒါဖြစ်သည်။ထိုအစွန်းနှစ်ပါးမှလွတ်ရန် **(သတ္တဝါဟူ၍မရှိပဲ ရုပ်နာမ်ဓမ္မ)**တို့သာရှိပြီး ယင်းတို့သည်လည်း **'ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာ'** နည်းတို့အရ ကြောင်းကျိုးဆက်နွယ်မှု သဘောအတိုင်းသာ ဖြစ်ကြကုန်၏။

ခမ္မသဘောအရ ရုပ်နာမ်တို့သည် ခဏတိုင်း ဖြစ်ပျက်နေ၏။ ပထမခဏတွင်ဖြစ်သော ရုပ်နာမ်တို့သည် ပထမခဏ၌သာ ပျက်၏။ ဒုတိယခဏသို့မကူး။ အကယ်၍ ပထမခဏ၌ဖြစ်သော ရုပ်နာမ်တို့သည် ဒုတိယခဏသို့ကူးသည်ဟုယူလျှင် **(သဿတဝါဒ)**ကို လက်ခံရာရောက်၏။ ပထမခဏနှင့်ဒုတိယခဏ ရုပ်နာမ်တို့အကြား၌ ဘာမျှဆက်နွယ်မှုမရှိဟု ယူလျှင်လည်း **(ဥစ္ဆေဒဝါဒ)**ကို လက်ခံရာရောက်ပါသည်။

ထိုအစွန်းနှစ်ဖက်မှလွတ်ရန် ပထမခဏရုပ်နာမ်နှင့် ဒုတိယခဏရုပ်နာမ်တို့သည် **'အနုလောမ-ပဋိစ္စသမုပ္ပါဒ်'**အရ ကြောင်းကျိုးဆက်အတိုင်းဖြစ်ကြသော်လည်း **'ပဋိလောမ-ပဋိစ္စသမုပ္ပါဒ်'**အရ အကြောင်းချုပ်ပါက အကျိုးချုပ်ကာ ကြောင်းကျိုးဆက်ပြတ်ပြီး ချုပ်ငြိမ်းကြပါသည်။

## 'ပစ္စက္ခရှုထောင့်'

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် အဇ္ဈတ္တသန္တာန်၌ရှိသော ရုပ်နာမ်တရားများကိုသာ အလေးထားဖော်ပြထားပါသည်။ အမှန်အားဖြင့် ဗဟိဒ္ဓသန္တာန်၌ရှိသော**'ရုပ်နာမ်'**တရားများသည် **(ဒွါရခြောက်ပါး)**၌ သူ့သဘောသူဆောင်ကာ **(အမှန်အတိုင်း) 'ထင်'**ကြသော်လည်း **'တလွဲသိ'**နေခြင်းကြောင့် ဘဝစက်ဖြစ်ပေါ်လာရသည်။ ဥပမာ သစ်ငုတ်မြင်ပါလျှက် လူထင် သရဲထင် သဘောမျိုး ဖြစ်ပါသည်။

သံသရာဘဝစက်တွင် **'အဝိဇ္ဇာ'**သည် ပဓာနကျပါသည်။ **(အနုသယ)**အဆင့် အဝိဇ္ဇာကို **'သမုစ္ဆေဒပဟာန်'**ဖြင့် မပယ်နိုင်သ၍ ရုပ်နာမ်များကို 'အာရုံ'ပိုင်းတွင် အပိုင်းပိုင်း အပြတ်ပြတ်သဘော **(သန္တတိအစဉ်)** မပေါ်အောင် အာရမ္မဏိက **'သိစိတ်'**ပိုင်းတွင် **(ပုဂ္ဂိုလ်သိ)**သဘော **(အာရမ္မဏ ဃန)** ပေါ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

## ကိလေသဝဋ် (အနုသယ)

အဝိဇ္ဇာသဘောအရ တဏှာ၊ ဥပါဒါန်ကိုလည်း ယူရပါသည်။ ယင်းတို့ကို ကိလေသဝဋ်ဟု ခေါ်သည်။ ကိလေသဝဋ်သည် **(အနုသယ)** သဘောအရ **'ငါ'** ယောင်ဆောင်သည်။ **(ကိလေသဝဋ်)**ရှိနေသမျှ **'ငါ'** ရှိနေမည်။ ထို့ကြောင့် ကုသိုလ်လုပ်ငန်းဖြစ်စေ၊ အကုသိုလ် လုပ်ငန်းဖြစ်စေ ကိလေသဝဋ်သည် ကာရက (ပြုလုပ်သူ)၊ ဝေဒက (ခံစားသူ) 'ငါ'အနေဖြင့် ပါဝင်နေခြင်းဖြစ်သည်။ ယင်းကဲ့သို့ ကိလေသဝဋ်က 'ငါ' အနေဖြင့် ပါဝင်နေသောကြောင့် **'စိတ်-စေတသိက်'**တို့သည် မိမိသဘောအတိုင်း မသိနိုင်ဘဲ **'အကောင်အထည်'**အလိုက် သိနေခြင်းဖြစ်သည်။ ဥပမာ **(လောဘစိတ်)**အနေဖြင့် လိုချင်ခြင်းမဟုတ်ပဲ **'ငါ'** အနေဖြင့် လိုချင်ခြင်း (တဏှာနုသယ)၊ ဒုက္ခဖြစ်ပါလျှက် သုခဟု မှတ်ထင်၍လိုချင်ခြင်း (အဝိဇ္ဇာနုသယ)၊ ဒြပ်ပုံသဏ္ဍာန်မရှိပါပဲ ဒြပ်ပုံသဏ္ဍာန်ဟု ထင်မှတ်၍ လိုချင်ခြင်း **'အနုသယ'** အဆင့် **'ဥပါဒါန်'**မျိုး ဖြစ်ပါသည်။

## အနုသယအဆင့် ကိလေသာ

စိတ်-စေတသိက်လုပ်ငန်း၌ **(ဥပါဒ်-ဌီ-ဘင်)**အနေဖြင့် ပါဝင်ခြင်းမရှိပဲ **'ပုဂ္ဂိုလ်သဘော'**ပါဝင်အောင်၊ အကောင်အထည် **'ဃနသဘော'** ပါဝင်အောင် **(အရှိန်အဝါပေးခြင်း)**ဖြစ်သည်။

အနု အနု သေန္တီတိ အနုသယာ။ အနု - အစဉ်တစိုက်၊ သန္တာနေ - ရုပ်နာမ်အစဉ်၌ သေန္တိ - ကိန်းဝပ် တည်နေတတ်ကုန်၏။ သတ္တဝါတို့၏ ခန္ဓာအစဉ်မှာ အမြဲမပြတ် ကိန်းဝပ်လျက်ပါနေသော ကိလေသာဓာတ်ကို **'အနုသယ'**ဟု ခေါ်၏။

### ဝေဒနာပစ္စယာ တဏှာ

မိခင်သည် သားကို လွန်စွာ နှစ်သက် ချစ်ခင်လှသောကြောင့် နို့ချို

တိုက်ကျွေး မွေးမြူပေးတတ်သော နို့ထိန်းအား များစွာသော အဖိုးအခ ပေးရကုန်သကဲ့သို့ ဝေဒနာကို လွန်စွာသာယာခြင်းကြောင့် နို့ထိန်းနှင့်တူ သော ရူပါရုံအစရှိသော အာရုံတို့ကို ပေးရကုန်၏။ ဝေဒနာကြောင့် တဏှာဖြစ်သော်လည်း **(တဏှာသည် ရူပါရုံစသော အာရုံတို့ကိုသာ တွယ်တာ တောင့်တ)**ကုန်၏။

**ဝိပါကဝေဒနာ -** တဏှာ၏အကြောင်းရင်းဖြစ်သော ဝေဒနာမှာ ဝိပါက်ဝိညာဏ်နှင့်ယှဉ်သော သုခဝေဒနာတည်း။ ယင်းဝိပါက သုခ ဝေဒနာသည် တဏှာအား **'ဥပနိဿယပစ္စယသတ္တိ' (တစ်မျိုးတည်းဖြင့်)** ကျေးဇူးပြု၏။ အာရမ္မဏနှင့် ဥပနိဿယတို့၏ခြားနားပုံမှာ **အာရမ္မဏ ပစ္စည်းသည် 'ဖြစ်ဆဲ'** ပစ္စယုပ္ပန်တရား၏ **'အာရုံ'**မျှသာ ဖြစ်၏။ **'ဥပနိ ဿယပစ္စည်း'**ကဲ့သို့ **(အကျိုးတရား)**ကို ဖြစ်စေတတ်သည်ကားမဟုတ်။

**"ဝေဒနာသုံးမျိုးကောက်ပုံ"**

၁။ ဆင်းရဲဒုက္ခရှိပါက ချမ်းသာသုခကိုတောင့်တ၏။ ထို့အတူ **(ဒုက္ခဝေဒနာ)**က သုခဝေဒနာကို တောင့်တသော**(တဏှာ)**အား **'ဥပနိ ဿယ သတ္တိ'** ဖြင့်ကျေးဇူးပြု၏။

၂။ ချမ်းသာခြင်းရှိသောသူသည် တိုး၍သာ ချမ်းသာသုခကို အလို ရှိ၏။ ထို့အတူ **(သုခဝေဒနာ)**က ရအပ်ပြီးသောသုခထက် တိုး၍တောင့် တတတ်သော**(တဏှာ)**အား **'ဥပနိဿယသတ္တိ'** ဖြင့်ကျေးဇူးပြု၏။

၃။ ဥပေက္ခာဝေဒနာသည် **(ငြိမ်သက်)**ရကား **(သုခ)**ဟုပင် ဆို၏။ ထို့အတူပင် ဥပေက္ခာဝေဒနာကလည်း **'သုခ'**ကိုပင် လိုလားတောင့်တ သော**(တဏှာ)**အား **'ဥပနိဿယသတ္တိ'**ဖြင့်ကျေးဇူးပြု၏။ သို့သော် အကုသလဝိပါက် ဥပေက္ခာကား အနိဋ္ဌစင်စစ်ဖြစ်သောကြောင့် ဒုက္ခ ဝေဒနာ၌ သွင်းယူရ၏။ ဒုက္ခဝေဒနာဖြစ်ပါက ချမ်းသာခြင်း သုခဝေဒနာကို

တောင့်တသော တဏှာအား **(ဥပနိဿယသတ္တိဖြင့်)**ကျေးဇူးပြု၏။

**'တဏှာနှင့်ကံ၏အကျိုး'**

သတ္တဝါတို့သည် ကံကြောင့်ဖြစ်ပေါ်လာမည့်**(အကျိုး)**ကို လွန်စွာ **(တောင့်တသည်၏အစွမ်း)**ဖြင့် ကြိုးစား အားထုတ်တတ်ကြ၏။ သို့ဖြစ်ရကား **(ဝိပါက-ဝေဒနာသည်သာလျှင် တဏှာအား)** လွန်လွန်ကဲကဲ **(ဥပနိဿယသတ္တိဖြင့်)**ကျေးဇူးပြု၏။ (လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာအား တောင့်တခြင်း-**'တဏှာခြံရံလျက်'** အားထုတ်ကြကုန်၏။)

**'အနုသယဓာတ်ရှိသူ၌သာ'**

ဝေဒနာကြောင့် တဏှာဖြစ်ရာဝယ် **(အနုသယ-တဏှာဓာတ်ခံရှိသူ)**၌သာ ပရိယုဋ္ဌာန-တဏှာ **(လောဘ)**သည် **(ဥပါဒ်ဌီဘင်)** အားဖြင့် ဖြစ်ပေါ်လာ၏။ အနုသယ **(တဏှာဓာတ်ကုန်ပြီးသော ရဟန္တာ အရှင်မြတ်)**တို့၌ ဝေဒနာကြောင့် တဏှာမဖြစ်ပေ။ **(အနုသယဓာတ်)**နှင့် ရုပ်နာမ်အစဉ်တစ်ခု၌ အတူဖြစ်လျက်ရှိသော **'ဝေဒနာ'** သည်သာလျှင် **တဏှာ၏ (အကြောင်းရင်း)**ဖြစ်သည်။

**'သစ္စိကရဏရှုထောင့်'**

ဗုဒ္ဓခေတ်မတိုင်မီက ရုပ်နာမ်တို့အပြင် ရုပ်နာမ်ကို စေစားသော ပုဂ္ဂိုလ်သတ္တဝါ (အတ္တ)ရှိသည်ဟု ယုံကြည်ကြသည်။ ပုဂ္ဂိုလ်သတ္တဝါ **(အတ္တ)** ရှိသည်ဟူသော အယူကိုပယ်ရန် **'အနုလောမ ပဋိစ္စသမုပ္ပါဒ်'**သဘောကို ဖော်ပြခဲ့သည်။

အနုလောမ ပဋိစ္စသမုပ္ပါဒ်အရ **(ကြောင်းကျိုးဖြစ်စဉ်)**ဟူသည် **'ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်'**တို့၏ အမြဲမပြတ် တရစပ်လည်ပတ်နေခြင်းဖြစ်သည်။ ဝဋ်သုံးပါးကိုပယ်သောအခါ အကြောင်းမဖြစ်လျှင် အကျိုးမဖြစ်၊ **(ကြောင်းကျိုးချုပ်စဉ်)**ဟူသော **'ပဋိလောမ ပဋိစ္စသမုပ္ပါဒ်'**

အရ အကြောင်းတရားကို ပယ်ရမည် ဖြစ်ပါသည်။ ကြောင်းကျိုးဆက်တရား **(ဝဋ်သုံးပါး)**ကို **'ပယ်'** ခြင်းသည် **(နိရောဓ)** သစ္စာကို **'မျက်မှောက်ပြုခြင်း'** ပင် ဖြစ်ပါသည်။

## 'ကံနှင့်ဝိပါက်မျှသာတွေ့မြင်ပုံ'

ယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ကံနှင့်ကံ၏အကျိုး **(ကံနှင့် ဝိပါက်)**သာလျှင်ရှိ၏။ **(ကံကြောင့် အကျိုးဝိပါက်)**တို့သည် ဖြစ်ကုန်၏။ အကျိုးဝိပါက်သည် ကံလျှင် ဖြစ်ကြောင်းရှိ၏။ ကံကြောင့်သာလျှင် တစ်ဖန် ဘဝသစ်ဖြစ်၏။

ဤနည်းဖြင့် လောကဟုခေါ်သော ရုပ်နာမ်အစဉ်သည် ကံကြောင့် အဆက်မပြတ် ဖြစ်နေသည်ဟုရှုမြင်၏။ ဤဆိုခဲ့သည့်အတိုင်း **(ကြောင်းကျိုးဆက်)**သည်၏အစွမ်းဖြင့် အဆက်မပြတ် ဖြစ်နေသော နာမ်ရုပ်မျှသည်သာလျှင် ယောဂီ၏ **'ဉာဏ်အား ရှေးရှုထင်၏'**။

ထိုယောဂီသည် **(အကြောင်းတရား)**မှလွဲ၍ **(ပြုတတ်သူ)**ကို မမြင်၊ **(အကျိုးဝိပါက်)**အဆက်ဆက် မပြတ်ဖြစ်ခြင်းထက်လွန်၍ အကျိုးကို **(ခံစားတတ်သူ)**ကိုမမြင်၊ အမှန်အားဖြင့်ကား အကြောင်းတရားရှိလျှင် **(ကာရက)**ပြုတတ်သူဟူ၍၄င်း၊ အကျိုးဝိပါက် အဆက်ဆက် မပြတ်ဖြစ်ခြင်းရှိလျှင် **(ဝေဒက)** ခံစားတတ်သူဟူ၍၄င်း **'အမည် ပညတ်'**မျှဖြင့် ခေါ်ဝေါ်ပြောဆိုကြသည်သာလျှင် မှန်စွာသိသော ဝိပဿနာပညာဖြင့် ကောင်းစွာသိမြင်ပြီး ဖြစ်လေတော့၏။

## 'ကံနှင့်ကံ၏အကျိုးသာ'

"ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။"

"သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။" (ဝိသုဒ္ဓိမဂ် -၂၊ ၂၃၇)

ဤဒေသနာတော်အရ ပရမတ္ထသစ္စာအားဖြင့် လောက၌ **(ကံ)**မှ

တစ်ပါး ပြုလုပ်သော **'ပုဂ္ဂိုလ်သတ္တဝါမရှိ'**။ **(ကံ၏အကျိုး)**မှတစ်ပါး ခံစားတတ်သော **'ပုဂ္ဂိုလ်သတ္တဝါမရှိ'**။ **'ကံဖြစ်ခိုက်'** ပြုလိုသော စိတ် **'စေတနာနှင့်ကိုယ်နှုတ်'** အမူအရာဟူသော **(ရုပ်နာမ်)**နှစ်ပါးကိုပင် စွဲမှီ၍ **'ပုဂ္ဂိုလ်သတ္တဝါ'** ပြုလုပ်သည်ဟု ပြောဆိုကြ၏။ အာရုံ၏အကောင်း အဆိုးကိုသိမှု ခံစားမှုဟူသော **(ကံ၏အကျိုး)**တရား **'နာမ်ရုပ်'**နှစ်ပါး ကိုပင် စွဲမှီ၍ **'ပုဂ္ဂိုလ်သတ္တဝါ'** ခံစားသည်ဟု ပြောဆိုကြကုန်၏။

ထို့ကြောင့် အမှန်မရှိသော ပုဂ္ဂိုလ်သတ္တဝါသဘော **'အနုသယ' (ကိလေသာ)**ကို ဖယ်ရှားရန် ဝိပဿနာ အားထုတ်ရာ၌ **'ရုပ်နာမ်'**နှစ်ပါး သာရှိကြောင်း သိမြင်ရန် **'အထူး'**လိုအပ်ပါသည်။

**"ကမ္မသ္မိံ သတိ ကမ္မဒံဟောတိ၊**

**ကမ္မသ္မိံ အသတိ ကမ္မဒံနဟောတိ။**

**ဤဟာရှိလျှင် ဤဟာဖြစ်သည်၊**

**ဤဟာမရှိလျှင် ဤဟာမဖြစ်"**ဟူသော **(ကြောင်းကျိုးဆက် နိယာမ)** ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် သံသရာစက်သည် မပြတ် လည်တော့သည်။ သံသရာစက်ကို ရပ်တန့်စေသောအမြင်ကို ထူထောင် ရာ၌ **'အကြောင်းချုပ်လျှင် အကျိုးချုပ်၏'**ဟူသော အကြောင်းအကျိုးကို **'အမှန်အတိုင်း'**သိရန် လိုအပ်ပါသည်။ ဤကြောင်းကျိုးဆက် နိယာမ အရ အမြင်မှန် ထူထောင်ခြင်းကိုပင် ဗုဒ္ဓစာပေများ၌

၁။ **ပစ္စယပရိဂ္ဂဟဉာဏ်** (အကြောင်းသိမ်ဆည်းခြင်း)ဟူ၍၎င်း၊

၂။ **ဓမ္မဋ္ဌိတိဉာဏ်** (ရုပ်နာမ်ဖြစ်စဉ်သိခြင်း)ဟူ၍၎င်း၊

၃။ **ယထာဘူတဉာဏ်** (အရှိကို အရှိအတိုင်းသိခြင်း)ဟူ၍၎င်း၊

၄။ **သမ္မာဒဿန** (အမှန်မြင်ခြင်း)ဟူ၍၎င်း၊

၅။ **ကင်္ခါဝိတရဏာဝိသုဒ္ဓိ** (သံသယကင်းစင်ခြင်း)ဟူ၍၎င်း ဆိုပါသည်။

## အနတ္တ၏အနက်သုံးချက်

၁။ အသာရကဋ္ဌေန = အနှစ်သာရမရှိခြင်း

၂။ အသာမိကဋ္ဌေန = အစိုးရမှုမရှိခြင်း

၃။ အဝသဝတ္တနဋ္ဌေန = အလိုအတိုင်းမဖြစ်ခြင်း

အနှစ်သာရဟူသည် **'သာရ'**သည် ပါဠိစကားဖြစ်၍ အဓိပ္ပာယ်မှာ **'အနှစ်'**ဖြစ်သည်။ အတ္တအယူတွင် အနှစ်သာရ (၄)မျိုးရှိ၏။ **(နိစ္စသာရ၊ ဓုဝသာရ၊ သုခသာရ၊ အတ္တသာရ)**တို့ဖြစ်သည်။

အတ္တသည် ပျက်စီးခြင်းမရှိပဲ **မြဲသော (နိစ္စ)အနှစ်သာရ**ရှိ၏၊ ဖျက်စီး၍မရအောင် **ခိုင်ခန့်သော (ဓုဝ)အနှစ်သာရ**ရှိ၏၊ ပျက်စီးသည့်ဒုက္ခမျိုးမရှိပဲ တည်မြဲသော**ချမ်းသာ (သုခ)အနှစ်သာရ** ရှိ၏၊ ခန္ဓာကိုယ်၏ **'အမာခံ အနှစ်အသား'**အဖြစ် **(အတ္တ)သာရ** ရှိ၏ဟု ဆို၏။ သို့သော် ဖြစ်တိုင်း ပျက်နေသော ရုပ်နာမ်တို့တွင် ထိုကဲ့သို့ အနှစ်သာရမျိုးသည် လုံးဝမရှိချေ။

ထို့ကြောင့် ဘုရာရှင်သည် ရုပ်သည် ရေမြှုပ်နှင့်တူ၏၊ ဝေဒနာသည် ရေပွက်နှင့်တူ၏၊ သညာသည် တံလျှပ်နှင့်တူ၏၊ သင်္ခါရသည် ငှက်ပျောတုံးနှင့်တူ၏၊ ဝိညာဏ်သည် မျက်လှည့်နှင့်တူ၏ဟု ဥပမာပေး ဟောကြားတော်မူခဲ့ပါသည်။ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့တွင် တိတ္ထိတို့ ကြံဆစိတ်ကူးထားသော အနှစ်သာရလေးမျိုးလုံး မရှိသောကြောင့် အသာရကဋ္ဌေန အနတ္တာဟူသော အဖွင့်နှင့်အညီ အတ္တမဟုတ်၊ အနတ္တမျှသာ ဖြစ်လေသည်။

## အနတ္တစီစစ်ပုံ

အနတ္တဖြစ်ကြောင်းစီစစ်ရာတွင် ရုပ်နာမ်တို့သည် ဆိုင်ရာကိစ္စကိုသာ မိမိသဘောအားဖြင့် ဆောင်တတ်သော **(ကိစ္စနည်း)**၊ ဖြစ်ကြောင်းချုပ်ကြောင်းဟူသော **(ပဋိစ္စသမုပ္ပါဒ်နည်း)**၊ ဖြစ်ခြင်းချုပ်ခြင်းဟူသော

**(လက္ခဏာနည်း)**တို့ဖြင့် စီစစ်ရကုန်၏။

**ကိစ္စနည်း** - ရုပ်တရားတို့သည် သွားမှု၊ လာမှု၊ ထိုင်မှု၊ ထမှု၊ လှုပ်ရှားမှု စသည့် ကိစ္စတို့ကို ဆောင်ရွက်သည်။ ခတ်ကြီးလေးပါးတို့သည် ဆိုင်ရာကိစ္စတို့အား ဆောင်ရွက်သည်ကို ပုဂ္ဂိုလ်သတ္တဝါ၏ကိစ္စဟု အယူမှားခြင်းဖြစ်သည်။ ထို့ကြောင့် ရုပ်တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါ၏အလိုကိုမလိုက်ပဲ မိမိ၏ဆိုင်ရာကိစ္စကိုသာ ဆောင်ရွက်တတ်သောကြောင့် အတ္တမဟုတ်၊ အနတ္တသာဖြစ်ကြကုန်၏။

ဝေဒနာသည် ခံစားခြင်းကိစ္စကိုင၄်း၊ သညာသည် မှတ်သားခြင်းကိစ္စကိုင၄်း၊ သင်္ခါရသည် စေ့ဆော်ခြင်းကိစ္စကိုင၄်း၊ ဝိညာဏ်သည် သိခြင်းကိစ္စကိုင၄်း မိမိတို့၏ဆိုင်ရာကိစ္စတို့ကိုသာ သူ့သဘောသူဆောင်ကာ ဆောင်ရွက်ကြကုန်၏။ ထို့ကြောင့် ထိုထိုကိစ္စတို့သည် အတ္တ၏ကိစ္စလည်း မဟုတ်သလို အတ္တက စီမံဆောင်ရွက်နေသည်လည်း မဟုတ်။ ရုပ်နာမ်တို့သည် **‘မိမိတို့၏ ဆိုင်ရာကိစ္စတို့ကိုသာ မိမိသဘောအတိုင်း ဆောင်ပြနေခြင်း’**ဖြစ်၍ အတ္တမဟုတ်၊ **‘အနတ္တ’**တို့သာ ဖြစ်ကြကုန်၏။

ဝေဒနာသည် အကောင်းအဆိုးနှစ်လုံးမျိုးကို အာရုံကိုလိုက်၍ ခံစား၏။ အတ္တအလို ပုဂ္ဂိုလ်အလိုအတိုင်း ခံစားခြင်းမဟုတ်။ ထို့အတူ သညာသည်လည်း အကောင်းအဆိုးတို့ကို သူ့သဘောသူဆောင် မှတ်သား၏။ အတ္တအလို ပုဂ္ဂိုလ်အလိုနှင့် လုံးဝမသက်ဆိုင်ပေ။ သညာသည်သာ အတ္တဖြစ်ပါမူ အကောင်းကိုသာ ရွေး၍မှတ်သားပေမည်။

သင်္ခါရကြောင့် ကုသိုလ် အကုသိုလ်တို့သည် ဖြစ်ပေါ်ရ၏။ ထို့အတူ ဝိညာဏ်ကြောင့် ကောင်းသောအာရုံကိုင၄်း၊ ဆိုးသောအာရုံကိုင၄်း သိရကုန်၏။ အကယ်၍ အတ္တအလို ပုဂ္ဂိုလ်အလိုအတိုင်းဖြစ်ပါမူ အကုသိုလ်ကိုသော်င၄်း မကောင်းသောအာရုံတို့ကိုသော်င၄်း မဖြစ်ပေါ်အောင်

စီမံ ခန့်ခွဲနိုင်ပေမည်။ ထို့ကြောင့် **'ခန္ဓာငါးပါးတို့ကို စီမံခန့်ခွဲနိုင်သော အတ္တဟူသည် မရှိ'**သောကြောင့်၄င်း၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုမလိုက်သောကြောင့်၄င်း **'အနတ္တ'**တရားများသာ ဖြစ်ကြကုန်၏။

**ပဋိစ္စသမုပ္ပါဒ်နည်း** - ရုပ်နာမ်တို့ကို အကြောင်းအကျိုးအားဖြင့် စီစစ်နည်းဖြစ်သည်။ ရုပ်သည် ကံ-စိတ်-ဥတု-အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့်ဖြစ်၏။ နာမ်သည် အာရုံ-ဒွါရ-အထောက်အပံ့နှင့်နှလုံးသွင်းမှုဟူသော အကြောင်းတရားတို့ ပြည့်စုံမှ ဖြစ်ပေါ်၏။ ရုပ်နာမ်တို့ကို ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးအားဖြင့် ဝေဖန်သုံးသပ်သောအခါ အကြောင်းကင်းသော ရုပ်နာမ်ဟူ၍မရှိ။ အကြောင်းရုပ်နာမ်ကြောင့် အကျိုးရုပ်နာမ်တို့သာ ဖြစ်ပေါ်နေကြခြင်း ဖြစ်၍ ထိုထိုရုပ်နာမ်တို့ကို စီမံဖန်တီးတတ်သော အတ္တကောင်ဟူ၍ မရှိဟု ဆုံးဖြတ် သိမြင်နိုင်ကုန်၏။

**လက္ခဏာနည်း** - သင်္ခတ ပရမတ်တရားတို့၏ အပျက်ကိုသိမြင်ခြင်းဖြစ်၏။ အပျက်ကိုမြင်သဖြင့် အနိစ္စကိုလည်းသိ၏၊ ဒုက္ခကိုလည်း သိ၏၊ အနတ္တကိုလည်းသိ၏။ အနတ္တဒီပနီတွင် ဓာတ်ကိုလှလှ ဉာဏ်၌ မိမှသာလျှင် လက္ခဏာရေးထင်၏။ ဓာတ်တို့၏ ဖြစ်ပေါ်မှု သေပျောက်မှု **'အာဂန္တု'**အချက်ကိုမြင်မှ **'အနတ္တလက္ခဏာ'**ရေးထင်ပေါ်၏ဟု မိန့်ဆိုပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ အနတ္တလက္ခဏသုတ်တရားတော်တွင် **'ပုံသဏ္ဌာန်ပညတ် ထင်ရှုံမှုနှင့်လည်း အတ္တစွဲမဟုတ်'**သလို ပုံသဏ္ဌာန်**(ပညတ် ပျောက်ရုံမျှနှင့်လည်း အနတ္တအမြင်မဟုတ်)**။ **'ပညတ်စွဲနှင့်အတ္တစွဲ'**ကို ခွဲခြားမသိသောကြောင့်တည်း။ အရူပဗြဟ္မာတို့တွင် ရုပ်ပုံသဏ္ဌာန် ပညတ်မရှိသော်လည်း အတ္တဒိဋ္ဌိစွဲတော့ရှိ၏။ ထို့ကြောင့် ပုံသဏ္ဌာန်ပညတ် ပျောက်ရုံမျှဖြင့် အနတ္တအမြင် မဟုတ်သေးချေ။

## 'ပရိညာ (၃)ပါး'

**ဉာတပရိညာ** - နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့သည် ဉာတပရိညာ၏ ဖြစ်ရာဘုံ-နယ်ပယ်တည်း။ ဖောက်ပြန်ခြင်းလက္ခဏာရှိသော တရားသည် ရုပ်တည်း၊ ခံစားခြင်း လက္ခဏာရှိသော တရားသည် ဝေဒနာတည်းဟူ၍ ထိုရုပ်နာမ်တို့၏ (သဘာဝလက္ခဏာ) ကို **'ကောင်းစွာမှတ်သည်၏ အစွမ်းဖြင့်'** ဖြစ်သောပညာသည် ဉာတပရိညာမည်၏။ ရုပ်နာမ်တရားတို့၏ အသီးသီးသော **(သဘာဝ လက္ခဏာ)**ကိုသိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

**တီရဏပရိညာ** - ကာလာပသမ္မသနဉာဏ်မှစ၍ ဥဒယဗ္ဗယဉာဏ်တိုင်အောင်ကား တီရဏပရိညာ၏ဖြစ်ရာဘုံ-နယ်ပယ်တည်း။ ရုပ်သည် မမြဲ၊ ဝေဒနာသည် မမြဲစသော ထိုရုပ်နာမ်တရားတို့၏ (သာမညလက္ခဏာ)ကိုတင်၍ဖြစ်သော **'လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာ'**သည် တီရဏပရိညာမည်၏။ **(သာမညလက္ခဏာ)**ကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

**ပဟာနပရိညာ** - ဘင်္ဂဉာဏ်မှစ၍ အထက်၌ ပဟာနပရိညာဖြစ်ရာဘုံ-နယ်ပယ်တည်း။ သာမညလက္ခဏာကို ရှုသည်၏အစွမ်းဖြင့် ရှုသိပြီးဖြစ်ကုန်သော ထိုရုပ်နာမ်တရားတို့၌ပင်လျှင် **'နိစ္စသညာ၊ သုခသညာ၊ အတ္တသညာ'**စသည်တို့ကို **(ပယ်သည်၏အစွမ်းဖြင့်)** လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာနှင့် **(နိဗ္ဗာန်လျှင်အာရုံရှိသော မဂ်ပညာ)**သည် ပဟာနပရိညာမည်၏။

## 'လက္ခဏာ (၃)တန် ဆင်ခြင်ခြင်း'

ရုပ်နာမ်တို့၏ အကြောင်းကိုမြင်လျှင် အကြောင်းမရှိက မဖြစ်၊ အကြောင်းရှိမှဖြစ်ကုန်သော သင်္ခါရတို့၏ဖြစ်ခြင်းကို မြင်၏။ ရုပ်နာမ်တို့

၏အကြောင်းကို ကောင်းကောင်းကြီးသိမြင်သော ယောဂီသည် အကျိုး နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းတိုင်အောင် မြင်နိုင်သည်ဖြစ်၍ ကမ္ဘဋ္ဌိတ ရဏ၏အခြားမဲ့၌ **'သမ္မသနဉာဏ်'**ဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကို ဆင်ခြင်သုံးသပ်နိုင်၏။

ခန္ဓာငါးပါးတို့ကို တပေါင်းတရုံးတည်းပင် သုံးသပ်ဆင်ခြင်သင့်၏။ သုံးသပ်ပုံကား -

**ခယဋ္ဌေန အနိစ္စံ** - ဖြစ်ပြီးလျှင် ကုန်ပျောက် ပျက်စီးတတ်သော သဘောကြောင့် အနိစ္စ၊ အမြဲမရှိကုန်။

**ဘယဋ္ဌေန ဒုက္ခံ** - ကြောက်ဖွယ်ခမန်း ဘေးကျမ်းဖြစ်သော သဘောကြောင့် ဒုက္ခ၊ ဆင်းရဲကုန်၏။

**အသာရကဋ္ဌေန အနတ္တာ** - အတ္တာ၊ သာမီ (ပိုင်ရှင်)၊ နိဝါသီ (အမြဲ နေသူ)၊ သယံဝသီ (စီမံခန့်ခွဲသူ)၊ ကာရက၊ ဝေဒကဟု တိတ္ထိတို့ ခေါ်ဆို အပ်သော အတ္တကောင်ဟူသော အနှစ်သာရ မရှိသောကြောင့် အနတ္တာ၊ အစိုးရသောကိုယ် မဟုတ်ကုန်။

'ရဟန်းတို့ ဤရုပ်သည် အစိုးရသော အတ္တကောင် ဟုတ်ငြားအံ့၊ ဤရုပ်သည် **(နှိပ်စက်ခြင်းငှာ)** မဖြစ်တန်ရာ'ဟု ဟောတော်မူ၏။ အနှစ် သာရ မရှိသောအနက်ကြောင့် အတ္တမဟုတ်ဟူသော ဤရှုပုံ၏အစွမ်းဖြင့် သမ္မသနဉာဏ်မည်၏။

အနိစ္စလက္ခဏာကို **'သန္တတိပညတ်'** (အစဉ်)ဖုံး၏၊

ဒုက္ခလက္ခဏာကို **'ဣရိယာပုထ်ပညတ်'** (ပြုပြင်မှု)ဖုံး၏၊

အနတ္တလက္ခဏာကို **'ဃနပညတ်'** (အတုံးအခဲ)ဖုံး၏ဟု ဆိုပါသည်။ အမှန်မှာ သညာသိ-ဝိညာဏ်သိ-ပညာသိအဆင့် (၃)မျိုးတွင် ဝိညာဏ်သိ အဆင့်ကို သတိပဋ္ဌာန်အလုပ်ဖြင့် မတက်လှမ်းနိုင်သောကြောင့် နိစ္စသညာ၊

သုသညာ။ အတ္တသညာဖြင့် ပညတ်အဖုံး ခံရခြင်းဖြစ်သည်။ ဝိညာဏ် သိအဆင့်ကို သိမြင်အောင် သတိကို ဘာဝနာအစွမ်းဖြင့် မမြှင့်တင်နိုင်သောကြောင့် သန္တတိပညတ်၊ ဣရိယာပုထ်ပညတ် ဃနပညတ်စသည့် ဝေါဟာရတို့ဖြင့်သာ အပြစ်ကိုပြဆိုနေခြင်းဖြစ်သည်။ အမှန်မှာ အလုပ်သဘောဖြစ်သော သတိ-သမာဓိကို ဝီရိယအစွမ်းဖြင့် ပညာသိဖြစ်အောင် မတည်ထောင်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

## 'ပကတိသဘော'

ရေသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းခြင်းသည် ပကတိသဘောဖြစ်၏။ သို့သော် နိမ့်ရာမှမြင့်ရာသို့တက်ရန် အားထုတ်ရ၏၊ ပြုပြင်ရ၏။ ထို့အတူ

၁။ ရုပ်နာမ်အစဉ် **(သန္တတိ)**သည် ပကတိသဘောဖြစ်၏။

၂။ **'မပြုပြင်သော ဣရိယာပုထ်'**၌ ရုပ်နာမ်တို့၏ဆင်းရဲခြင်းသည် ပကတိသဘောဖြစ်၏။ ပြုပြင်မှ ချမ်းသာ၏။

၃။ ရုပ်နာမ်အစဉ်တို့သည် ကြောင်းကျိုးဆက်အားဖြင့် မပြတ်မဆဲ အဟောင်းချုပ် အသစ်အစားထိုးနေခြင်းဖြင့် **(ပုံသဏ္ဌာန်မပျက်)** ဖြစ်ပေါ် ချုပ်ပျောက်နေမှုသည် ပကတိသဘောဖြစ်၏။

ထို့ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော ရုပ်နာမ်တို့သည် သဘာဝ၏ပကတိ သဘောများသာ ဖြစ်ကြကုန်၏။ သိပ္ပံနယ်က သတ်မှတ်ကြသော သဘာဝဟူသည် နိစ္စ၊ သုခ၊ အတ္တဟူသော အနုသယဓာတ်များ ခြုံရုံလျက် ရှိနေကြသေး၏။ သိပ္ပံနယ်သည် အတ္တနယ်အတွင်း၌သာ ရှိနေသေး၏။ အတ္တသဘောကို မလွန်မြောက်နိုင်ချေ။

## သတိပဋ္ဌာန် (၄)ပါး

(ဝိသုဒ္ဓိမဂ် - မြန်မာပြန် စတွဲ )

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ'ဟု ယူသည်၏အစွမ်းဖြင့် **'နိစ္စ၊ သုခ၊ အတ္တ၊ သုဘ'**ဟု ထင်မှတ်သော **(အမှတ်သညာ)**တို့ကို **'ပယ်ခြင်းကိစ္စ'**ပြီးစေသည် ဖြစ်သောကြောင့် သတိပဋ္ဌာန် (၄)ပါးဟု ဆိုအပ်၏။

အရိယာမဂ်ဉာဏ်တို့ ဖြစ်ပေါ်သောကာလ၌မူကား ဤဗောဓိပက္ခိယတရားတို့တွင် နိဗ္ဗာန်လျှင်အာရုံရှိသော တစ်ပါးတည်းသော **'သတိ'**ကိုပင် **(ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ)** အစရှိသော လေးပါးသော အာရုံတို့၌ မြဲသည်၊ ချမ်းသာသည်၊ အစိုးရသည်ဟု ထင်မှတ်သော **'နိစ္စသညာ၊ သုခသညာ၊ အတ္တသညာ'**စသည်တို့ကို **'ပယ်ခြင်းကိစ္စ'**ပြီးစေသည်၏ အစွမ်းအားဖြင့် **'သတိပဋ္ဌာန်လေးပါး'**ဟူ၍ ဆိုအပ်၏။

(၁၄)ပါး အပြားအားဖြင့် ကိုယ်ကို သိမ်းဆည်းသောသူအား

- **'ကာယာနုပဿနာ'** သတိပဋ္ဌာန်ကိုရအပ်၏။
  ဝေဒနာကို သိမ်းဆည်းသောသူအား
- **'ဝေဒနာနုပဿနာ'** သတိပဋ္ဌာန်ကိုရအပ်၏။
  စိတ်ကို သိမ်းဆည်းသောသူအား
- **'စိတ္တာနုပဿနာ'** သတိပဋ္ဌာန်ကိုရအပ်၏။
- နီဝရဏ၊ ခန္ဓာ၊ အာယတန၊ ဗောဇ္ဈင်၊ သစ္စာတို့ကို သိမ်းဆည်းသောသူအား - **'ဓမ္မာနုပဿနာ'**သတိပဋ္ဌာန်ကို ရအပ်၏။

## ဓာတ်တစ်ခုကို မှန်စွာသိလျှင်

(ဝိသုဒ္ဓိမဂ် - စတွဲ - စာ - ၆၀၈)

ဆံပင်၌ ပထဝီဓာတ်-ဖောဋ္ဌဗ္ဗရုပ်ကို ရှုမိ၍ ထိုပထဝီဓာတ်တစ်ခုကို

မှန်စွာသိလျှင် တစ်ပေါင်းတည်းဖြစ်သော ထိုဆံပင်ဖြစ်သော ရုပ်(၄၄)လုံး၌လည်း **ပုဂ္ဂိုလ်သတ္တဝါဟု စွဲလမ်းမည့် ကိလေသာဖြစ်ခွင့်မရှိပြီ။** ဤသို့ ကိလေသာမဖြစ်ဘဲ ငြိမ်းသောကြောင့် ရှုခြင်းကိစ္စလည်း ပြီးပေသည်။

ထို့အတူ အနတ္တဒီပနီတွင် ဝိညာဏာဟာရကိုင်း၊ ဖဿာဟာရကိုင်း၊ မနောသဉ္စေတနာ အာဟာရကိုင်း၊ သညာတစ်လုံးကိုင်း၊ ခံစားမှုဝေဒနာကိုင်း **'ပရိညာသုံးပါး'**ဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော် ရဟန်းသည် ဝေဒနာတို့၏ကုန်ခြင်း ခန်းခြင်းဟူသော ခယအမှုကို ထင်မြင်ခြင်းကြောင့် အာရုံခြောက်ပါးနှင့် တကွ **(ဝေဒနာဓမ္မတို့၌ တောင့်တခြင်း)**ဟူသော ဆာလောင်ငတ်မွတ်ခြင်းကင်းသည်ဖြစ်၍၊ ပရိနိဗ္ဗုတော- အငြိမ်းကြီး ငြိမ်းလေ၏။

## 'ဖြစ်ဆဲရုပ်နာမ်'

ဒွါရ (၆)ပါး၌ ထင်ရှားသောရုပ်နာမ်တို့ကို သိမ်းဆည်းပြီးလျှင် စက္ခုဒွါရတွင် မြင်ဆဲခဏ၌ ဖြစ်သောရုပ်နာမ်တို့သည် ကြားဆဲခဏသို့ မရောက်မူ၍ ထိုစက္ခုဒွါရ၌သာလျှင် ချုပ်၏။ သာမန်ပုဂ္ဂိုလ်တို့မှာ **(မြင်စဉ်ကရုပ်နာမ်သည် ကြားဆဲတိုင်အောင် ရှိနေသည်)**ဟု ထင်ကြ၏။ အမှန်ကား မြင်စဉ်ကရုပ်နာမ်သည် ကြားဆဲသို့မရောက်မူ၍ ထိုမြင်စဉ်ခဏ၌ပင် ချုပ်ကုန်၏ဟု သိ၍ရှု၏။

ထို့အတူ **'ကာယဒွါရ၌ဖြစ်သော ရုပ်နာမ်သည် မနောဒွါရသို့ မရောက်မူ၍ ကာယဒွါရ၌သာလျှင်ချုပ်၏'**။ ထိုရုပ်နာမ်တို့သည် မမြဲဆင်းရဲ အတ္တမဟုတ်ဟု ထိုရုပ်နာမ်တို့၌ လက္ခဏာသုံးပါးကို တင်၍ရှုအပ်၏။

အထူးအားဖြင့် - အနတ္တလက္ခဏာ မြင်လျှင် ဒိဋ္ဌိကွာ၏၊ အနိစ္စလက္ခဏာ မြင်လျှင် မာနကွာ၏၊ ဒုက္ခလက္ခဏာ မြင်လျှင် တဏှာကွာ၏။

## အင်္ဂုတ္တိုရ်ပါဠိတော် သင်္ဂဟေတနိယဝဂ်

## ရာဟုလသုတ်

ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေ၏၊ တစ်ခုသောနေရာ၌ ထိုင်နေသော ရာဟုလာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏-

ရာဟုလာ **'အတွင်း'**သန္တာန်၌ဖြစ်သော အကြင်မြေ 'ပထဝီ'ဓာတ်သည်၎င်း၊ **'အပ'**သန္တာန်၌ဖြစ်သော အကြင်မြေ 'ပထဝီ' ဓာတ်သည်၎င်း ရှိ၏၊ ဤသဘောတရားသည် မြေ **'ပထဝီ'** ဓာတ်မျှသာတည်း၊

"ဤပထဝီဓာတ်သည် **'ငါ့ဥစ္စာ'**မဟုတ်၊ ဤပထဝီဓာတ်သည် **'ငါ'** မဟုတ်၊ ဤပထဝီဓာတ်သည် **'ငါ့ကိုယ်'**မဟုတ်"ဟု ဤသို့ ထိုပထဝီဓာတ်ကို ဟုတ်မှန်သောအတိုင်း သင့်သောအကြောင်းအားဖြင့် (ဝိပဿနာ, မဂ်) ပညာဖြင့် ရှုအပ်၏၊ ဤသို့ ထိုပထဝီဓာတ်ကို ဟုတ်မှန်သောအတိုင်း **'ပညာ'**ဖြင့်ရှုခြင်းကြောင့် ပထဝီဓာတ်၌ ငြီးငွေ့၏၊ ပထဝီဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏။

ရာဟုလာ **'အတွင်း'**သန္တာန်၌ ဖြစ်သော အကြင်ရေ 'အာပေါ' ဓာတ်သည်၎င်း၊ **'အပ'**သန္တာန်၌ ဖြစ်သော အကြင်ရေ 'အာပေါ' ဓာတ်သည်၎င်း ရှိ၏၊ ဤသဘောတရားသည် ရေ **'အာပေါ'** ဓာတ်မျှသာတည်း၊

"ဤအာပေါဓာတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤအာပေါဓာတ်သည် ငါမဟုတ်၊ ဤအာပေါဓာတ်သည် ငါ့ကိုယ်မဟုတ်"ဟု ဤသို့ ထိုအာပေါဓာတ်ကို ဟုတ်မှန်သောအတိုင်း (ဝိပဿနာ, မဂ်)ပညာဖြင့် ရှုအပ်၏၊ ဤသို့ ဟုတ်မှန်သောအတိုင်း **'ပညာ'**ဖြင့် ရှုခြင်းကြောင့် အာပေါဓာတ်၌ ငြီးငွေ့၏၊ အာပေါဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏။

ရာဟုလာ **'အတွင်း'**သန္တာန်၌ဖြစ်သော အကြင်မီး 'တေဇော' ဓာတ်သည်၎င်း၊ **'အပ'**သန္တာန်၌ဖြစ်သော အကြင်မီး'တေဇော' ဓာတ်သည်၎င်း ရှိ၏၊ ဤသဘောတရားသည် မီး **'တေဇော'** ဓာတ်မျှသာတည်း၊

"ဤတေဇောဓာတ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤတေဇောဓာတ်သည် ငါမဟုတ်၊ ဤတေဇောဓာတ်သည် ငါ့ကိုယ်မဟုတ်"ဟု ဤသို့ ထို တေဇောဓာတ်ကို ဟုတ်မှန်သောအတိုင်း (ဝိပဿနာ, မဂ်)ပညာဖြင့် ရှုအပ်၏၊ ဤသို့ ဟုတ်မှန်သောအတိုင်း **'ပညာ'**ဖြင့် ရှုခြင်းကြောင့် တေဇောဓာတ်၌ ငြီးငွေ့၏၊ တေဇောဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏။

ရာဟုလာ **'အတွင်း'**သန္တာန်၌ဖြစ်သော အကြင် လေ 'ဝါယော' ဓာတ်သည်၎င်း၊ **'အပ'**သန္တာန်၌ ဖြစ်သော အကြင်လေ 'ဝါယော' ဓာတ်သည်၎င်း ရှိ၏၊ ဤသဘောတရားသည် လေ **'ဝါယော'** ဓာတ်မျှသာတည်း၊

"ဤဝါယောဓာတ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤဝါယောဓာတ်သည် ငါမဟုတ်၊ ဤဝါယောဓာတ်သည် ငါ့ကိုယ်မဟုတ်"ဟု ဤသို့ ထို ဝါယောဓာတ်ကို ဟုတ်မှန်သောအတိုင်း (ဝိပဿနာ, မဂ်) ပညာဖြင့် ရှုအပ်၏၊ ဤသို့ ဟုတ်မှန်သောအတိုင်း **'ပညာ'**ဖြင့် ရှုခြင်းကြောင့် ဝါယောဓာတ်၌ ငြီးငွေ့၏၊ ဝါယောဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏။

ရာဟုလာ အကြင်အခါ၌ ရဟန်းသည် ဤဓာတ်လေးပါးတို့၌ မိမိကိုယ် **'အတ္တ'**ဟူ၍မရှု၊ မိမိဥစ္စာ **'အတ္တနိယ'**ဟူ၍မရှု။ ရာဟုလာ (ထိုအခါ၌) ဤရဟန်းကို **'တဏှာ'**ကို ဖြတ်ပြီးသူ၊ **'သံယောဇဉ်'**ကို လွန်မြောက်ပြီးသူဟု ဆိုအပ်၏၊ ကောင်းစွာ ထောင်လွှားခြင်း **'မာန'**ကို ပယ်ခြင်းကြောင့် **'ဝဋ်ဆင်းရဲ၏အဆုံး'**ကို ပြုပြီးသူဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

# ကျမ်းကိုးများ

၁။ ပိဋကတ် (မြန်မာပြန်)
၂။ ဝိသုဒ္ဓိမဂ် - မြန်မာပြန် (မဟာစည် ဆရာတော်ဘုရားကြီး)
၃။ မိုးညိုဝိနိစ္ဆယ
၄။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် (ဦးရွှေအောင်)